# CLEAN GOVERNMENT, GOOD GOVERNANCE

# သန့်ရှင်းသောအစိုးရ ကောင်းမွန်သောအုပ်ချုပ်ရေး

တင်ညွန့်

mgyoe.com

mgyoe.com

# သန့်ရှင်းသောအစိုးရ ကောင်းမွန်သောအုပ်ချုပ်ရေး

## တင်ညွန့်

အုပ်ချုပ်မှုကောင်းခြင်း (Good Governance) ဆိုသည်မှာ အာဏာကို အသုံးပြုခွင့်ရှိပြီး တိုင်းပြည် အုပ်ချုပ်ရေးကို တာဝန်ယူထားရသည့် အစိုးရ အဖွဲ့အစည်းတစ်ခုသည် နိုင်ငံ၏ သဘာဝ သယံဇာတရင်းမြစ်များကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခြင်း၊ ပွင့်လင်းမြင်သာမြင်သာ ရှိစေရန် လုပ်ဆောင်ပြတတ်ခြင်း၊ တာဝန်ယူတတ်ခြင်း၊ တရားမျှတခြင်း၊ ပြည်သူ့ဆန္ဒကို မဆိုင်းမတွ တုံ့ပြန်ပေးတတ်ခြင်းတို့ကို ခေါ်ဆိုပါသည်။

*အဂတိကင်းဝေး အစိုးရခေတ်ဖြစ်ရေး . . . မှ*

ဒီမိုကရေစီ ဖော်ဆောင်နေသည့် နိုင်ငံများတွင် ပြည်သူတို့သည် မိမိတို့အသံကို လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရရန် အရေးကြီးပါသည်။ မကြောက်မရွံ့ နောက်မတွန့်ဘဲ ပြောရဲဆိုရဲ ဝေဖန်ရဲသည့် စိတ်ဓာတ်များ ရှိစေရန် ကျောင်းများတွင် အခြေခံကစပြီး လေ့ကျင့်ပျိုးထောင်ပေးလိုက်သင့်သည်။ လွတ်လပ်စွာ ထုတ်ဖော်ခွင့်သည် ဒီမိုကရေစီအတွက် အသက်တမျှ အရေးကြီးသည်။

*အကျင့်ပျက် ခြစားမှု ပပျောက်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ရေး . . . မှ*

အာဏာခွဲဝေရေးစနစ်ကို အမှန်ကန်ဆုံး အဓိပ္ပာယ်ဖွင့်ဆိုရလျှင် လူအများ ပါဝင်သော သီးခြားအဖွဲ့များက အစိုးရဌာန သုံးခုကို တစ်ခုစီ အုပ်ချုပ်ခြင်းဟု ဆိုရမည်ဖြစ်သည်။ မည်သည့်အဖွဲ့ကမဆို၊ မည်သည့်ဌာနကမဆို ကိုယ့်အဖွဲ့၊ ဌာနကလွဲပြီး အခြားဌာနများကို မချုပ်ချယ်ရ ဆိုသည့် သဘောလည်းဆောင်သည်။ ဤသို့ ခွဲခြားပေးထားရခြင်းသည် ပြည်သူများ လွတ်လပ်ရေးနှင့် တရားမျှတရေးအတွက် အရေးကြီးသောကြောင့် ဖြစ်သည်။

*အစိုးရနှင့်အာဏာ . . . မှ*

WISDOM HOUSE

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

❑ လာဘ်စားခြင်း၊ ခြိမ်းခြောက်ငွေတောင်းခြင်း၊ အပေါင်းအသင်းဘက်ကို ပင်းခြင်း၊ ဘက်လိုက်ခြင်း၊ ကိုယ့်ဆွေမျိုး ကောင်းစားရေးလုပ်ခြင်း၊ ဆရာမွေး တပည့်မွေးခြင်း၊ အဂတိ လိုက်စားခြင်း၊ အလွဲသုံးစားလုပ်ခြင်း စသည့် အပြုအမူများ အားလုံးကို အကျင့်ပျက်ခြစားခြင်း ***(Corruption)*** ဟု ခေါ်ဆိုနိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံကို နိုင်ငံရေးဆိုင်ရာ အကျင့်ပျက် ခြစားမှုများဖြင့် ထိန်းမနိုင် သိမ်းမရဖြစ်လာလျှင် ထိုအစိုးရကို ကလက်တိုကရေစီအစိုးရ ***(Kleptocracy)*** ဟုခေါ်သည်။ အဓိပ္ပာယ်မှာ ***"Rule by thieves"*** ဖြစ်သည်။ သူခိုးများအုပ်ချုပ်သောခေတ်၊ သူခိုးအစိုးရဟု ဆိုလိုခြင်း ဖြစ်ပါသည်။

***အမှာစကား*** **မှ**

❑ အစိုးရကောင်းတစ်ရပ်သည် တာဝန်ခံမှု ရှိရမည် ဖြစ်သည်။ အစိုးရအဖွဲ့အစည်း တစ်ခုလုံးအပေါ်တွင် တာဝန်ခံနိုင်ရမည့်အပြင် ပုဂ္ဂလိကအခန်းကဏ္ဍ၊ လူ့ဘောင်အဖွဲ့အစည်း တစ်ရပ်လုံးအပေါ်တွင်လည်း တာဝန်ခံနိုင်ရမည်။ အဖွဲ့အစည်း တစ်ခုသည် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ ဆုံးဖြတ်ချက်များအတိုင်း လုပ်ဆောင်ခြင်းဖြင့် ထိရောက်အောင်မြင်မှု ရရှိစေနိုင်ပါသည်။ ဥပဒေအတိုင်း လိုက်နာခြင်း၊ ဥပဒေအတိုင်း လုပ်ဆောင်ခြင်း၊ မိမိတို့ လုပ်ဆောင်သမျှ ရှင်းလင်း မြင်သာစွာ ရှိနေစေခြင်းသည် အစိုးရကောင်းတို့အတွက် မရှိမဖြစ် အရေးကြီးသည့် အချက်များဖြစ်သည်။

***အစိုးရကောင်းဆိုသည်မှာ*** **မှ**

mgyoe.com

mgyoe.com SAMPLE BOOK

❑ အစိုးရနှင့်ပြည်သူ တိုက်ရိုက်ဆက်ဆံမှုကို ရယူလိုလျှင် အွန်လိုင်းသို့မဟုတ် အင်တာနက်တွင် နေရာတစ်နေရာကို ပြည်သူ့အသံ ထုတ်ဖော်ရန် *Forum* (ဟစ်တိုင်) အနေဖြင့် ဖန်တီးထားပေးသင့်သည်။ ပြည်သူတွေ ဘာလိုချင်သည်ကို သမ္မတထံသို့လည်း တိုက်ရိုက် ပြောနိုင်ရမည်။ သမ္မတကြီးကလည်း ပြည်သူကို တိုက်ရိုက် ပြန်ပြောနိုင်ရမည်။ နိုင်ငံရေးအရလည်း စည်းရုံးရန် အကောင်းဆုံး နေရာတစ်နေရာဟု ဆိုနိုင်သည်။

*အစိုးရကောင်း ဖော်ဆောင်ရန် အခြေခံများ မှ*

❑ အစိုးရကောင်းတို့ မည်သည်မှာ တရားဥပဒေ၏ မျက်နှာကိုသာ ကြည့်ရသည်။ မည်သူ့မျက်နှာမှ မကြည့်ဘဲ မျက်နှာမလိုက် တရားမျှတစွာ အုပ်ချုပ်နိုင်ရမည်။ လူ့အခွင့်အရေးကို အပြည့်အဝ အကာအကွယ် ပေးနိုင်ရမည် ဖြစ်သလို လူ နည်းစုအတွက်ပါ ထည့်သွင်းစဉ်းစားတတ်သော အစိုးရမျိုး ဖြစ်ရပါလိမ့်မည်။ အစိုးရကောင်းတွင် လွတ်လပ်ပြီး တရားမျှတသည့် တရားရေးအဖွဲ့၊ လာဘ်ပေး လာဘ်ယူ ခြစားပြီး အဂတိလိုက်စားမှု ကင်းသော ရဲအဖွဲ့လည်း ရှိရပါလိမ့်မည်။

*အဂတိကင်းဝေး အစိုးရခေတ်ဖြစ်ရေး မှ*

❑ ဘုရင့်စီမံမှုများကလည်း ဩချရလောက်သည်။ တစ်နေ့တွင် ရာထူးရလိုသူများက ဘုရင့်ထံ စုပေါင်းပြီးငွေအမြောက်အမြား ဆက်သထားကြသည်။ လက်အောက်ခံများက ဘုရင့်ထက် လက်စောင်းထက်ကာ သူတို့ ငွေယူထားသူများကို ရာထူးခန့်လိုက်သော်လည်း ဘုရင်က မပြောဝံ့ပေ။ ဘုရင်ကို ငွေပေးထားသူများက ဘုရင့်ထံ အရောက် ဒူးထောက်ကာ တိုင်တန်းကြသောအခါမှ ဘုရင်က ဘယ်လောက် ပေးထားသလဲ၊ ပေးထားသလောက် ပြန်ပေးစေဟု အမိန့်ချလိုက်ကြောင်း သိရသည်။ ထို့ကြောင့် ထိုဘုရင်ခေတ်တွင် လာဘ်ပေး လာဘ်ယူမှုများကို အရေးယူရန်မပြောနှင့်၊ ဥပဒေသည် ရေ ဖြစ်သွားရသည်ဟု တာဝန်ရှိသူများက မှတ်ချက်ချခဲ့ရသည်။

*အကျင့်ပျက် ခြစားခြင်း ဆိုသည်မှာ မှ*

mgyoe.com

mgyoe.com SAMPLE BOOK

WISDOM HOUSE
စာအုပ် ၈၁

# သန့်ရှင်းသောအစိုးရ ကောင်းမွန်သောအုပ်ချုပ်ရေး

## တင်ညွန့်

# CLEAN GOVERNMENT, GOOD GOVERNANCE.

WISDOM HOUSE
အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊
လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁-၅၄၅၀၃၆၊ ၀၉-၅၀၅-၈၅၃၃၊ ၀၉-၄၃၀-၄၁၈၅၇။
*wisdomhouse.mm@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ပထမအကြိမ် | ဇန်နဝါရီလ၊ ၂၀၁၃ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင်<br>Wisdom House စာအုပ်တိုက်၊<br>အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊<br>လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဒေါ်ခင်လှ၊ စာပေလောကပုံနှိပ်တိုက်၊<br>၁၇၇၊ ၃၃ လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | ချစ်ကြည် |
| အတွင်းအပြင်အဆင် | H. Lwin |
| တည်းဖြတ် | အေးကျော်မင်း |
| အတွင်းဖလင် | ထက်အာကာကျော် |
| စာအုပ်ချုပ် | ကိုနိုင် (ထိပ်တန်း) |
| **တန်ဖိုး** | **၅၀၀၀ ကျပ်   ၄၀၀၀ ကျပ်** |

၉၅၉. ၁

တင်ညွန့်

သန့်ရှင်းသောအစိုးရ ကောင်းမွန်သော အုပ်ချုပ်ရေး/တင်ညွန့် -ရန်ကုန်။

Wisdom House စာအုပ်တိုက်၊ ၂၀၁၃။

၁၈၄ စာ၊ ၁၃ × ၂၀. ၅ စင်တီ။

(၁) သန့်ရှင်းသောအစိုးရ ကောင်းမွန်သော အုပ်ချုပ်ရေး


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


❑ အမှာစကား ၁
၁။ အစိုးရ ဆိုသည်မှာ ၉
၂။ အစိုးရတို့၏ မူလအစ ၁၇
၃။ မြူရိုကရေစီ ၂၃
၄။ အစိုးရကောင်း ဆိုသည်မှာ ၃၃
၅။ အစိုးရကောင်း ဖော်ဆောင်ရန် အခြေခံများ ၃၉
၆။ အစိုးရနှင့် အာဏာ ၄၅
၇။ ဒစ်ဂျစ်တယ် အစိုးရ၊ အီလက်ထရောနစ် အုပ်ချုပ်ရေး ၈၇
၈။ အီလက်ထရောနစ် အစိုးရ ၉၇
၉။ တောင်ကိုရီးယားနိုင်ငံ အီလက်ထရောနစ် အစိုးရ ၁၀၃
၁၀။ ကောင်းမွန်သော အုပ်ချုပ်ရေးစံများ ၁၁၁
၁၁။ အကျင့်ပျက်ခြစားရောဂါ ၁၁၉
၁၂။ အဂတိကင်းဝေး အစိုးရခေတ်ဖြစ်ရေး ၁၂၃
၁၃။ အရှေ့တောင်အာရှနိုင်ငံ အစိုးရများ သန့်ရှင်းကြပါသလား ၁၅၁
၁၄။ အကျင့်ပျက် ခြစားခြင်း ဆိုသည်မှာ ၁၆၁
၁၅။ အကျင့်ပျက် ခြစားမှု ပပျောက်ရေးနှင့် သန့်ရှင်းသော အစိုးရဖြစ်ရေး ၁၇၁


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစကား

'သန့်ရှင်းသော အစိုးရ ကောင်းမွန်သော အုပ်ချုပ်ရေး' ဆိုသည့် စကားသံတွေကို ပွင့်လင်းစွာ ကြားလာရသည်။ သမ္မတကြီးကိုယ်တိုင်လည်း ပြောလာသည်။ လွှတ်တော်အသီးသီးမှ တာဝန်ရှိသူတွေလည်း ပြောလာသည်။ လူထုကလည်း အော်လာကြသည်။ ကျွန်တော် အမှတ်တရ ရှိလှသည်မှာ စစ်တပ်အစိုးရ အုပ်ချုပ်နေစဉ် ၂၀၀၄ ခုနှစ်လောက်ကတည်းက အကျင့်ပျက် ဝန်ထမ်းများအား အရေးယူမှု၊ လာဘ်ပေးလာဘ်ယူမှုများအား ဖော်ထုတ်မှုတို့ကို စစ်အစိုးရကိုယ်တိုင် လုပ်လာခြင်းဖြစ်သည်။ ကျွန်တော်တို့ မထင်မှတ်ထားသည့် အရေးယူမှုတစ်ခုဖြစ်သည့်အပြင် နောက်ပိုင်းတွင် ထင်ရှားသည့် ဗိုလ်ချုပ်ကြီးတစ်ဦးကိုပါ အရေးယူနိုင်ခဲ့သည်အထိ စစ်ခေါင်းဆောင်တို့ အုပ်ချုပ်မှုကာလ မကြုံစဖူး အဖြစ်အပျက်တစ်ခုကို ကြုံတွေ့လိုက်ရသည်။

ကျွန်တော်က ထိုအချိန်တွင် 'မျက်မှောက်ရေးရာမဂ္ဂဇင်း' ကို တာဝန်ယူပြီး အယ်ဒီတာအဖြစ် ဆောင်ရွက်နေချိန် ဖြစ်သည်။ 'မျက်မှောက်ရေးရာ'ကို စတင် ထုတ်စဉ်ကတည်းက ကျွန်တော် ခေါင်းစဉ်တစ်ခုကို စဉ်းစားမိသည်။ 'လာဘ်ပေး ရန်မလို' ဆိုသည့် ခေါင်းစဉ်ဖြစ်သည်။ အတွဲ(၁)၊ အမှတ်(၃) အရောက်တွင် ကျွန်တော် ထိုခေါင်းစဉ်ဖြင့် စာပေစိစစ်ရေးသို့ တင်ကြည့်သည်။ စာပေစိစစ်ရေး၏ ဇလုတ်တိုက် စစ်ဆင်ရေးကာလဖြစ်သဖြင့် ခေါင်းစဉ်ကို ခွင့်ပြုခဲ့သော်လည်း ကျွန်တော် ပုဒ်ခြားထားသလို ခွင့်မပြု။ 'လာဘ်ပေးရန်မလို' ဆိုသည့် ပူးတွဲဖော်ပြချက်ကိုသာ ခွင့်ပြုမည်ဟု ဆိုလာသည်။ ထိုစာလုံးကြားတွင် ပုဒ်ခြားခြင်းနှင့် မခြားခြင်းတို့မှာ အဓိပ္ပာယ်များစွာ ကွာခြားပါသည်။ သို့သော် အတွင်းမှ စာအတော်များများကို လွှတ်



mgyoe.com

mgyoe.com SAMPLE BOOK
ပေးသဖြင့် တော်သေးသည် ဆိုကာ သူတို့ ခွင့်ပြုသလောက်နှင့် ကျေနပ်လိုက်ရသည်။ ပြီးတော့ ကျွန်တော့်မျက်နှာဖုံးပုံကို သူတို့ပယ်သည်။ ကျွန်တော်က ဒေါ်လာ တစ်ဖက်၊ လက် တစ်ဖက်တွင် လက်ထိပ်တစ်ဖက် ပူးတွဲခတ်ထားသည့် မျက်နှာဖုံးပုံကို စိစစ်ရေးက ခွင့်မပြု။ အတွင်းပုံအဖြစ်တော့ ခွင့်ပြုသည်။

နောက်ပိုင်း မျက်မှောက်ရေးရာမဂ္ဂဇင်း အတွဲ (၁)၊ အမှတ်(၄) တွင် 'ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်၊ သန့်ရှင်းသော အစိုးရ ခေတ်ဆီသို့' ဆိုသည့် မျက်နှာဖုံးဆောင်းပါးဖြင့်လည်းကောင်း၊ အတွဲ (၁)၊ အမှတ် (၉) တွင် 'အစိုးရနှင့်အာဏာ' မျက်နှာဖုံးဆောင်းပါးတို့ကို လည်းကောင်း ရေးသားပြီး အစိုးရကောင်းခြင်းနှင့် အုပ်ချုပ်မှုကောင်းခြင်း ဆိုသည့် သဘောတို့ကို အဓိပ္ပာယ် ဖော်ဆောင်ကြည့်မိသည်။ ကျွန်တော်တို့သည် ၂၀၀၅ မှသည် ၂၀၀၈ ခုနှစ်တိုင်အောင် နိုင်ငံရေး မဂ္ဂဇင်းတစ်ခုကို စိတ်ကူးထားသည့်အတိုင်း ပုံဖော်ကြည့်ကြခြင်းဖြစ်သည်။ ထိုစဉ်က ထုတ်ဝေသူမှာ ကိုမျိုးအောင် (ရုက္ခဗေဒ) ဖြစ်သည်။ မဂ္ဂဇင်း တစ်စောင်လုံး တိုက်ထိုင် အယ်ဒီတာအနေဖြင့် ကျွန်တော် တစ်ဦးတည်း ရှိသည်။ ကိုမျိုးအောင်က သူ စုဆောင်းထားသည့် စာအုပ်ပုံကြီးကြားတွင် ကျွန်တော့်ကို စိတ်ကြိုက်မွေ့နှောက်ခွင့်ပြုထားသည်။ ကျွန်တော်သည် စာကြည့်တိုက်သို့ သွားစရာ မလိုလောက်အောင် သူစုဆောင်းထားသည့် စာအုပ်စာတမ်းတွေက များလှသည်။

သို့သော် နောက်ပိုင်းတွင် ကျွန်တော် မျက်မှောက်ရေးရာမှ ထွက်လာသည်။ ဝါသနာပါသော နိုင်ငံရေးစာပေများကို ဂျာနယ်များ တွင် ဆက်ရေးနေမိသည်။ ထိုအချိန်တွင် ဒီမိုကရေစီအရေးကို ကျွန်တော် ဦးတည်ပြီး ရေးမိသည်။ ဒီမိုကရေစီအရေးနှင့် ဆက်နွယ်သည့် အစိုးရကောင်း၊ အုပ်ချုပ်မှုကောင်းရန် အချက်များအပြင် ဒီမိုကရေစီ၏ အန္တရာယ်များကိုပါ ကြိုတင်တွေးပြီး ရေးထားခဲ့မိသည်။ ကျွန်တော် ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ ရေးခဲ့သော စာအများစုသည် စိစစ်ရေးမှ လွတ်လိုက်သည်လည်းရှိသည်။ မလွတ်ဘဲ ကျန်နေသေးသည့် စာမူများလည်း ရှိသည်။ ကျွန်တော်က ထိုစာမူများကို သူ့အပိုင်းနှင့်သူခွဲပြီး စာအုပ်အဖြစ် စုလိုက်သောအခါ -

- ဒီမိုကရေစီနိုင်ငံတော်၊ ဒီမိုကရေစီနိုင်ငံသား၊
- ဒီမိုကရေစီ ပါရာဒိုင်း၊
- ကောင်းတာ ဒီမိုကရေစီ



mgyoe.com

mgyoe.com SAMPLE BOOK

ဆိုသည့် ဒီမိုကရေစီဆိုင်ရာ စာအုပ်များ ဖြစ်သွားခဲ့သည်။ ယခု 'သန့်ရှင်းသော အစိုးရ ကောင်းမွန်သော အုပ်ချုပ်ရေး'သည် တစ်ချိန်က စာပေစိစစ်ရေးတွင် နောက်ကောက်ကျခဲ့ရသော စာအများစုဖြစ်သည့်အပြင် ခွင့်ပြုချက် ရလျှင်လည်း အဖြုတ်အဖြတ်ပေါင်းများစွာ ရှိခဲ့သဖြင့် အဆက်အစပ် မမိခဲ့ပေ။ ယခုတော့ အားလုံးအပြည့်အစုံ ပြန်လည်ဖော်ပြခွင့်ရခဲ့သဖြင့် ဝမ်းသာမိပါသည်။ မိခင် ဖခင်တို့သည် မိမိတို့ မွေးလာသည့် သားသမီးကို ခြေလက်အင်္ဂါ အစုံအလင်ဖြင့် မြင်လိုက်ရသလို ခံစားမိသည်။

ကျွန်တော်သည် ဝန်ထမ်းဘဝတွင် နှစ်ပေါင်း ၂၀ ကျော် ကျင်လည်ခဲ့ပြီးမှ အငြိမ်းစား ယူခဲ့ပါသည်။ ကျွန်တော့်အလုပ်က ကျောင်းဆရာဖြစ်သဖြင့် လာဘ်စားရန် အကြောင်းမရှိ။ ကျောင်းဆရာဘဝမှ ထွက်လာသည့်တိုင် မိမိကျောင်းသားများထံမှ ငွေကြေး တစ်ပြားတစ်ချပ်မျှ ယူငင်တောင်းခြင်းမပြုဘဲ စိတ်သန့်သန့်နှင့် အနား ယူခဲ့ရသည်ကို ဂုဏ်ယူနေမိသည်။ ဘဝတူ ကျောင်းဆရာအချို့ ဖောက်ပြန်မှုများ ရှိနေသော်လည်း စနစ်၏ကျေးကျွန်များ ဖြစ်နေသဖြင့် ကျွန်တော် အပြစ်မပြောရက်ပါ။ ကိုယ်ကျင့်တရားကို ကိုယ်တိုင် ကျင့်ရသည့်တရား မဟုတ်ပါလား။

သနာတသုတ်တွင် မြတ်စွာဘုရားက ရဟန်းတို့ ကိုးကွယ်ရာမဲ့ မနေကြနှင့်၊ ကိုးကွယ်ရာမဲ့ နေကြလျှင် ဆင်းရဲငြိုငြင်စွာ နေရ၏။ ကိုးကွယ်ရာတရား ဆယ်ပါးကား -

(၁) ကိုယ်ကျင့်တရားနှင့် ပြည့်စုံခြင်း၊
(၂) အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံခြင်း၊
(၃) မိတ်ကောင်းဆွေကောင်းနှင့် ပြည့်စုံရခြင်း၊
(၄) အဆိုအပြောရ လွယ်ကူသူဖြစ်ရခြင်း၊
(၅) အလုပ်ကိစ္စတို့၌ ကျွမ်းကျင်ရခြင်း၊
(၆) ချစ်ဖွယ်သောစကားကို ပြောတတ်ရခြင်း၊
(၇) လုံ့လဝီရိယ ရှိရခြင်း၊
(၈) ဖြစ်သလိုနှင့် ရောင့်ရဲလွယ်ရခြင်း၊
(၉) သတိအမြဲရှိရခြင်း၊
(၁၀) ဆင်ခြင်တုံတရားပညာ ရှိရခြင်း

တို့ဖြစ်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

မြတ်စွာဘုရား၏ မိန့်ကြားချက်သည် လောကုတ္တရာအတွက် သာမက လောကီအတွက်လည်း အထူးမှန်လှပေသည်။ အထူးသဖြင့် ထိုဆယ်ချက်သည် နိုင်ငံ့ဝန်ထမ်းတို့ လိုက်နာအပ်သည့် စာရိတ္တဂုဏ် ၁၀ ပါး ဟူ၍လည်း ပြောနိုင်သည်။ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ယောက် ဖြစ်ရန် လိုက်နာအပ်သည့် ကိုယ်ကျင့်တရားများ ဟူ၍လည်း ဆိုနိုင်သည်။ နိုင်ငံ့ဝန်ထမ်းတိုင်း ထိုတရား ၁၀ ပါးကို ကျင့်သုံးလိုက်နာနိုင်ကြမည်ဆိုလျှင် သန့်ရှင်းသောအစိုးရ ကောင်းမွန်သော အုပ်ချုပ်ရေးတစ်ရပ်ကို ကျွန်တော်တို့ ပြည်သူတွေ ပိုင်ဆိုင်မည်မှာ မလွဲပေ။

ကန်တော်မင်းကျောင်း ဆရာတော်၏ လောကသာရ ဆုံးမစာတွင် -

'ခပ်သိမ်းပြည်သူ၊ လူရဟန်းကို၊ သိမ်းမြန်းပိုက်ထုတ်၊ ကြက်သားအုပ်သို့၊ မလှုပ်စေကြောင်း၊ ဖြည့်ဖြားယောင်းလျက်၊ ကျင့်ဟောင်းမလွန်၊ တုတ်ခွန်မပြင်း၊ သနားခြင်းနှင့်၊ နှိပ်နင်းကလူ၊ မပူစေရ ကွပ်ဆုံးမလော့၊ ထွန်းပပြောင်းပြောင်၊ ထက်မိုးခေါင်၌၊ အရောင်ချမ်းလွန်၊ လဗိမာန်လျှင်၊ ပူပန်မရှိ၊ ငြိမ်းစေဘိသို့၊ ကြယ်တိရံကာ၊ တင့်တယ်စွာသား၊ ပမာပုံသင့်၊ လနှယ်ကျင့်၍၊ လင်းပွင့်တိုင်းကား၊ စည်ပင်ပွားလျက်၊ လူများကောင်းခြီးတွန်စေမင်း'

ဟု ဆုံးမခဲ့ပါသည်။

တိုင်းပြည်အုပ်ချုပ်သူ ဆိုသည်မှာ မိမိတို့တိုင်းသူပြည်သားများကို ကြက်သားအုပ်မကဲ့သို့ ရင်ဝယ်ထားကာ စောင့်ရှောက်နိုင်ခြင်း၊ အခွန်အတုတ် လွန်မင်းစွာ မကောက်ခံရခြင်း၊ လကဲ့သို့ အေးမြစေခြင်း၊ ပြည်သူ့အကျိုးစီးပွား တိုးတက်အောင် ရွက်ဆောင်နိုင်စွမ်းရှိခြင်း စသည့်ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသူများဖြစ်ရန်လိုကြောင်း ရှေးဟောင်း အဆုံးအမများသည်လည်း မြန်မာ့လူ့ဘောင်တွင် ရှိခဲ့ပြီးဖြစ်သည်။

မင်းတုန်းမင်းတရားကြီးသည် ၁၈၅၃ ခုနှစ်တွင် လာဘ်စားမှုတားမြစ်ပိတ်ပင်ရေးဥပဒေ (ဝါ) ငွေစားဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။ ထိုဥပဒေကို ပြဋ္ဌာန်းရခြင်းမှာ အရာရှိကြီးငယ်များသည် သတ်မှတ်ထားသော အခနှုန်းထားထက် ပိုမိုပြီး ရုံးခွန်တော်နှင့် တရားစရိတ်များ ကောက်ခံနေကြောင်း ကြားသိရသောကြောင့် ဖြစ်သည်။ အဆိုပါဥပဒေအရ နေပြည်တော်ရှိ အမတ်ငယ်များ (ဝါ) အငယ်တန်းအရာရှိများ ငွေ ၁ ကျပ်မှ ငွေ ၁၀ ကျပ်အထိ သို့မဟုတ် ၄င်းနှင့်



mgyoe.com

mgyoe.com SAMPLE BOOK

အလားတူ ထိုက်တန်သည့် ပစ္စည်းကို တံစိုးလက်ဆောင် ယူလျှင် ထောင်ဒဏ် တစ်လ၊ အလယ်တန်း အရာရှိများဖြစ်လျှင် ထောင်ဒဏ် ၁၅ ရက်၊ အထက်တန်း အရာရှိများဖြစ်လျှင် ထောင်ဒဏ် တစ်လ၊ အမျိုးသမီးဖြစ်လျှင် အနောက်ရုံးတွင် ထောင်ဒဏ် တစ်လ၊ စာရေး စာချီဖြစ်လျှင် ကြိမ်ဒဏ် ၂၀ ချက်ဟူ၍ ပြစ်ဒဏ်များ သတ်မှတ်ထား ကြောင်း တွေ့ရသည်။

သို့သော် မင်းတုန်းမင်းကြီး နတ်ရွာစံပြီးနောက် သီပေါမင်းနှင့် ဆင်ဖြူမရှင်တို့ လက်ထက်တွင် တိုင်းပြည်ဘဏ္ဍာကို ဘုရင်က အစ၊ မိဖုရား အလယ်၊ နန်းတွင်းသားတွေ အဆုံး အလွဲသုံးစားမှုအလုပ်ဆုံး ကာလအဖြစ် မှတ်တမ်းများရှိခဲ့သည်။ တိုင်းပြည်တွင် ခေါင်က မိုးမလုံ သဖြင့် အိမ်တွင်း စိုကုန်သည်မှာ မဆန်း။ ထို့ပြင် ထီလောင်းကစား ခြင်းကို ဘုရင်က အလွန်အကျူး အားပေး လုပ်ဆောင်ခဲ့သဖြင့် ပြည်သူများ ဆင်းရဲမွဲတေကာ တိုင်းပြည်ပျက်ရခြင်း အကြောင်းတရား တစ်ခု ဖြစ်ရသည်။

၁၉၄၅ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုက စသုံးလုံးဌာနတွင် ပြောကြားခဲ့သော မိန့်ခွန်းကို ကောက်နုတ် တင်ပြလိုပါသည်။ ဝန်ထမ်း ဆိုသည်မှာ မည်သို့သောသူမျိုးဖြစ် ကြောင်းကို အတိုတောင်းဆုံး ရှင်းလင်းသွားခြင်းဖြစ်သည်ဟု ဆိုချင် ပါသည်။

"လူကြီးမင်းတို့ဟာ သန့်ရှင်းရုံ၊ ကျွမ်းကျင်ရုံ၊ သတ္တိရှိရုံ၊ စည်းကမ်း သေဝပ်ရုံနဲ့ မလုံလောက်သေးဘူး၊ ပြည်သူလူထုနဲ့ ဆက်ဆံတဲ့နေရာ မှာ နည်းမှန်လမ်းမှန် ဆက်ဆံနိုင်ကြအောင် ကြိုးစားကြစေချင်တယ်၊ ယနေ့အဖို့မှာဆိုရင် ကျွန်တော်တို့ လူကြီးမင်းတို့ရဲ့ ပြည်ထောင်စုကြီး ထဲမှာ အာဏာဟာ အပေါ်ကနေပြီး အောက်ကို ဆင်းသက်ရတဲ့ ရှင်ဘုရင်စနစ်တို့၊ နယ်ချဲ့ အာဏာရှင်စနစ်တို့နဲ့ အုပ်ချုပ်နေတာ မဟုတ်ဘဲ အချုပ်အခြာအာဏာဟာ ပြည်သူလူထုကြီးတစ်ရပ်လုံးက ဆင်းသက်လာရတဲ့ ဒီမိုကရေစီစနစ်နဲ့ အုပ်ချုပ်နေရတယ်ဆိုတာကို ကျွန်တော်တို့ ဘယ်နည်းနှင့်မှ မေ့ပစ်လို့မဖြစ်ဘူး၊ ဒီအချက်ကြီးကို မေ့လိုက်တာနဲ့တစ်ပြိုင်နက် အမှုထမ်း၊ အရာထမ်းများနဲ့ ပြည်သူ လူထုကြီးတို့ရဲ့ ဆက်ဆံမှုဟာ နည်းမှန်လမ်းမှန် မဖြစ်နိုင်တော့ဘူး၊ ဒီမိုကရေစီစနစ်အရ အစိုးရဘက်မှ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေဟာ ပြည်သူ့အစေခံ နံပါတ်တစ်တွေ ဖြစ်ကြတယ်၊ အဲဒီလိုပဲ အောက်ဆုံး



mgyoe.com

mgyoe.com SAMPLE BOOK

ဆယ်အိမ်ခေါင်းအထိ ပြည်သူ့အစေခံတွေ တစ်ဆင့်စီဖြစ်ကြတယ်၊ ဒီမိုကရေစီစနစ်နဲ့ ထူထောင်ထားတဲ့ နိုင်ငံတစ်နိုင်ငံမှာ အစိုးရအဖွဲ့ ဆိုတာဟာ ပြည်သူလူထုကို အုပ်စိုးဖို့ မဟုတ်ဘူး၊ အစေခံသာဖြစ်တယ်၊ အဲဒါကြောင့် လူကြီးမင်းတို့ဟာ ပြည်သူလူထုနဲ့ ဆက်ဆံတဲ့ အခါမှာ 'ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့' ပြုကျင့်နိုင်ကြပါစေ၊ ဘဝင်မြင့် ရောဂါဆိုး ဟူသမျှ ကင်းလွတ်နိုင်ကြပါစေ၊ ပြည်ထောင်စုရဲ့ စာရိတ္တမဏ္ဍိုင်ကြီးကို ခိုင်ခန့်သည်ထက် ခိုင်ခန့်လာအောင် ယခုထက် ဆထက်ထမ်းပိုး တိုးပြီး ဆောင်ရွက်နိုင်ပါစေလို့ ကျွန်တော် ဆုတောင်းလိုက်ပါတယ်" ဟုမိန့်ကြားခဲ့ဖူးသည်ကို ဆင်ခြင်ကြည့်ရန် ဖြစ်ပါသည်။

ကျွန်တော်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နဝတ၊ နအဖ ခေတ်အသီးသီးကို ကျော်ဖြတ်ခဲ့ရသူ ဖြစ်ပါသည်။ ထိုကာလများတွင် ရာထူးနေရာတစ်ခုရရန် ငွေပေးပြီး အလုပ်ဝင်၊ အလုပ်ရလာသည့် သုံးနှစ်ခန့်တွင် တိုက်ဆောက်၊ ငါးနှစ်ခန့်တွင် ကားဝယ်၊ ၁၀ နှစ်ခန့်တွင် မယားငယ်နှင့် ဖြစ်လာသော တစ်လ ၄၀၀၀ ကျော်ခန့်သာရသည့် ဝန်ထမ်းမျိုးနှင့် ကြုံတွေ့ဖူးပါသည်။ လစာက အကြောင်းမဟုတ်ဘူး၊ အောက်ဆိုက်က အဓိက ဆိုသည့် စိတ်ဓာတ်မျိုးများဖြင့် ကောင်းစားနေသူများကြားတွင် ရိုးသားစွာ စုတ်ပြတ်နေရှာသော ဝန်ထမ်းပေါင်းများစွာကိုလည်း ကြုံဖူးသည်။ တစ်လ ၅၀၀၀ ခန့်နှင့် မိသားစု စားဝတ်နေရေး မလုံလောက်သဖြင့် ဆိုက်ကားထွက်နင်းနေရသည့် မူလတန်းကျောင်းအုပ်ကြီးတစ်ယောက်ကို မိဘဆရာအသင်းရန်ပုံငွေ ၃၀၀ ကျပ်အား ကျောင်းစစ်ဆေးရေးလာစဉ် စာရင်းမပြနိုင်သဖြင့် ထုချေလွှာတင်ခိုင်းမှုမျိုး၊ ဗလာစာအုပ်ဖိုး ၅၀၀၀ ခန့်ကို ပြန်မသွင်းနိုင်သဖြင့် ရာထူးတစ်ဆင့်နှိမ့် အရေးယူရန် ခြိမ်းခြောက်ခံရမှုမျိုးကို ရင်နာစွာဖြင့် ကြုံတွေ့ရဖူးပါသည်။ ထိုခြိမ်းခြောက်နေသောသူများက မူလတန်းဆရာတစ်ယောက် ခန့်ပေးရေးအတွက် တစ်ဦးလျှင် ငွေသောင်းနှင့်ချီပြီး လာဘ်ယူခဲ့သည်ကို ထိုကျောင်းအုပ်ဆရာကြီးကိုယ်တိုင် သမီးဖြစ်သူ ကျောင်းဆရာမ ခန့်ထားနိုင်ရေးအတွက် သွားပေးခဲ့ရကြောင်း ကိုယ်တွေ့ကြုံဖူးခဲ့ပါသည်။

၁၉၄၅ ခုနှစ် ဩဂုတ်လ ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလအဖွဲ့ချုပ်ကို ရည်ရွယ်ပြီး ဤသို့ ပြောခဲ့ဖူးသေးသည်။



mgyoe.com

mgyoe.com SAMPLE BOOK

"အထက်ကသာ ခန့်ထားပြီး တိုင်းသူပြည်သားဆန္ဒအရ မဟုတ်ဘဲ တိုင်းသူပြည်သားတွေနဲ့ ကင်းကွာပြီး မင်းစိတ်ပေါက်တဲ့ အရာရှိတွေ ခြယ်လှယ်တဲ့ စနစ်ဆိုးတစ်မျိုးရှိနေရင် အများပြည်သူတို့ ဆန္ဒနဲ့ လုပ်ကိုင်ရတဲ့ ဒီမိုကရေစီဝါဒ ခေတ်မစားနိုင်တဲ့ ဖက်ဆစ်ဝါဒ ဆင်တူရိုးမှားတွေ ပေါ်လာနိုင်တယ်" ဟု မှာကြားခဲ့ဖူးပါသည်။

ကျွန်တော်တို့သည် စစ်အစိုးရ အုပ်ချုပ်မှုခေတ်ကို နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ကြရသည်။ ထိုကာလများအတွင်း အရပ်သားအရာရှိများလည်း စစ်ဟန်၊ စစ်သံတွေ ပေါက်ကာ အထက်ဖားအောက်ဖိ ပုံစံမျိုးကို များစွာကြုံတွေ့ကြရသည်။ များသောအားဖြင့် ဌာနဆိုင်ရာ အများစုတွင် စစ်တပ်မှ အရာရှိများ ဝင်ရောက်နေရာယူလာကြသဖြင့် အရပ်သားနှင့် စစ်သားတို့ အုပ်ချုပ်ရေးရာတွင် ရောထွေးပြီး ဝန်ကြီးချုပ် ဦးနု ပြောသကဲ့သို့ အစေခံလို မကျင့်နိုင်မှုများ၊ ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သလို ဖက်ဆစ်ဝါဒ ဆင်တူရိုးမှား အုပ်ချုပ်မှုများကို ရင်ဆိုင်ကြရတော့သည်။ ရလဒ်မှာ ဘုရားဟောခဲ့သည့် ကိုးကွယ်ရာတရား ဆယ်ပါး ပျောက်ဆုံးခဲ့ရခြင်းဖြစ်သည်။

၁၉၉၅ ခုနှစ်တွင် *The Commissioner of Global Governance* အဖွဲ့က အုပ်ချုပ်မှုကောင်းခြင်း *(Good Governance)* ၏ အင်္ဂါရပ်များကို အောက်ပါအတိုင်း သတ်မှတ်ဖော်ပြခဲ့ပါသည်။

၁။ အုပ်ချုပ်မှု ဆိုသည်မှာ ဥပဒေစနစ် တစ်ခု မဟုတ်၊ လုပ်ဆောင်ရမည့် အလုပ်လည်း မဟုတ်။ ဖြစ်စဉ် *(process)* တစ်ခုသာ ဖြစ်သည်၊

၂။ အုပ်ချုပ်မှု ဆိုသည်မှာ ပုံသေကားကျ စိုးမိုးချုပ်ကိုင်ထားရန် မဟုတ်။ အများနှင့် လိုက်လျောညီထွေဖြစ်စေရန် ပူးပေါင်းဆောင်ရွက်ရခြင်း ဖြစ်သည်၊

၃။ အုပ်ချုပ်မှု ဆိုသည်မှာ အစိုးရနှင့် ပုဂ္ဂလိကတို့သည် တစ်ချိန်တည်း တစ်ပြိုင်တည်း ဇာတ်ဆောင်များအဖြစ် အစိုးရအဖွဲ့တွင် ပါဝင်ရခြင်းဖြစ်သည်၊

၄။ အုပ်ချုပ်မှု ဆိုသည်မှာ တစ်ဖွဲ့တည်း လုပ်ကိုင်ရန်မဟုတ်။ အပြန်အလှန် စဉ်ဆက်မပြတ် ပြည်သူနှင့် ပူးပေါင်း ဆောင်ရွက်ရန် ဖြစ်သည်

ဟု သတ်မှတ်ပြဋ္ဌာန်းထားသည်ကို ဆင်ခြင်ကြည့်ရန် ဖြစ်ပါသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

အုပ်ချုပ်ရေး *(Governance)* ဆိုသည်မှာ အာဏာကို အသုံးပြု၍ နိုင်ငံရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စများနှင့် အခြားပြုသင့်သည့် ကိစ္စများအားလုံးကို နိုင်ငံတော်၊ နိုင်ငံသားများ အကျိုးအတွက် ဆောင်ရွက်ခြင်း ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုကြပါသည်။

အုပ်ချုပ်မှုကောင်းခြင်း *(Good Governance)* ဆိုသည်မှာ အာဏာကို အသုံးပြုခွင့်ရှိပြီး တိုင်းပြည်အုပ်ချုပ်ရေးကို တာဝန်ယူထားရသည့် အစိုးရ အဖွဲ့အစည်းတစ်ခုသည် နိုင်ငံ၏ သဘာဝ သယံဇာတ ရင်းမြစ်များကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခြင်း၊ ပွင့်လင်းပြီး ထင်သာမြင်သာ ရှိစေရန် လုပ်ဆောင်ပြတတ်ခြင်း၊ တာဝန်ယူတတ်ခြင်း၊ တရားမျှတခြင်း၊ ပြည်သူ့ဆန္ဒကို မဆိုင်းမတွ တုံ့ပြန်ပေးတတ်ခြင်းတို့ကို ခေါ်ဆိုပါသည်။

လာဘ်စားခြင်း၊ ခြိမ်းခြောက်ငွေတောင်းခြင်း၊ အပေါင်းအသင်းဘက်ကို ပင်းခြင်း၊ ဘက်လိုက်ခြင်း၊ ကိုယ့်ဆွေမျိုး ကောင်းစားရေးလုပ်ခြင်း၊ ဆရာမွေး တပည့်မွေးခြင်း၊ အဂတိ လိုက်စားခြင်း၊ အလွဲသုံးစားလုပ်ခြင်း စသည့် အပြုအမူများ အားလုံးကို အကျင့်ပျက်ခြစားခြင်း *(Corruption)* ဟု ခေါ်ဆိုနိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံကို နိုင်ငံရေးဆိုင်ရာ အကျင့်ပျက် ခြစားမှုများဖြင့် ထိန်းမနိုင် သိမ်းမရဖြစ်လာလျှင် ထိုအစိုးရကို ကလက်တိုကရေစီအစိုးရ *(Kleptocracy)* ဟုခေါ်သည်။ အဓိပ္ပာယ်မှာ *"Rule by thieves"* ဖြစ်သည်။ သူခိုးများ အုပ်ချုပ်သောခေတ်၊ သူခိုးအစိုးရဟု ဆိုလိုခြင်း ဖြစ်ပါသည်။

အထက်ပါ သဘောတရားများကို ကျွန်တော်သည် ဤစာအုပ်တွင် အတတ်နိုင်ဆုံး ကြိုးစား ရှင်းလင်းထားပါသည်။ ကျွန်တော်၏ စာအုပ်သည် ပြည့်စုံ ခိုင်လုံသည့် စာအုပ်တစ်အုပ် မဟုတ်သေးပါ။ အမှန်တကယ် အားထုတ်ရန် များစွာလိုပါသေးသည်။ ယခုလိုအချိန်တွင် ထုတ်ဝေသူ ဆရာကိုကြည်ရွှန်း၏ ဆန္ဒ၊ ကျွန်တော် ပြောချင်သည့် ဆန္ဒများ ပြည့်ပြီး စာဖတ်သူအတွက် တစ်စုံတစ်ခုကို ပေးနိုင်သည် ဆိုလျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိမည် အမှန်ပင်။

တင်ညွန့်
၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်။



mgyoe.com

mgyoe.com SAMPLE BOOK

# အစိုးရ ဆိုသည်မှာ

လွတ်လပ်သော
အချုပ်အခြာ
အာဏာ
ဆိုသည်မှာ
အခြားနိုင်ငံများ၏
လွှမ်းမိုးချုပ်ကိုင်မှု
မရှိဘဲ ပိပိတို့၏
စိတ်ပိုင်းဘဝနှင့် ရုပ်ပိုင်းဘဝ
ဖွံ့ဖြိုးတိုးတက် ကောင်းမွန်စေရန် ကိုယ့်ကြမ္မာ
ကိုယ်ဖန်တီးနိုင်သော လွတ်လပ်စွာ ဖန်တီးကြသ
ဆောင်ရွက်နိုင်မှုကို ခေါ်ဆိုပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# အစိုးရ ဆိုသည်မှာ

ဒီမိုကရေစီစနစ် ထွန်းကားလာသည့်အချိန်တွင် 'အုပ်ချုပ်ရေး'နှင့် ပတ်သက်ပြီး 'ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်' *(Good Governance)* အကြောင်း ပြောလာကြသည်။ ကောင်းမြတ်ခြင်းကို တောင့်တရခြင်းသည် ဆိုးယုတ်ခြင်း၊ မကောင်းခြင်းများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသောကြောင့် ထွက်ပေါက်အနေဖြင့် တမ်းတခြင်းလည်း ဖြစ်နိုင်ပါသည်။ မည်သို့ဆိုစေ လူ့သဘော သဘာဝက ကောင်းမြတ်ခြင်းကို မြတ်နိုးချစ်ခင်ပြီး ဆိုးယုတ်ခြင်းကို မုန်းတီးရွံရှာတတ်ကြသည်။ အဆိုးထဲမှ အကောင်းကို ရှာတတ်ခြင်းသည် လူ့သဘော လူ့သဘာဝ ဟု ဆိုရမည် ထင်သည်။

လူ့ဘောင်လောကတွင် အဆိုးတရားများကို ရင်ဆိုင်ရချိန် များလာသော အခါ အကောင်းတရားကို တောင့်တလာကြသည်။ ကောင်းမြတ်ခြင်းအတွက် အရာရာကို ရင်ဆိုင်ရန်လည်း အသင့်ပြင်ဆင်လာတတ်ကြသည်။ နိုင်ငံတကာ ချမ်းသာကြွယ်ဝသည့် အလှူရှင်နိုင်ငံကြီးများကလည်း အကောင်းဆုံး ဖြစ်စေရန် ကြိုးပမ်းနေကြသည့် နိုင်ငံအစိုးရများအပေါ်တွင်သာ အားပေး ထောက်ခံ ချီးမြှောက် ပေးလှူတတ်ကြသည်။

## နိုင်ငံတော်

လူ့သမိုင်းတွင် စိုးမိုးအုပ်ချုပ်မှု ပုံစံနှစ်မျိုးဖြင့် စတင်ခဲ့သည်ဟု ဆိုနိုင်သည်။ အင်အားကြီးသည့် အုပ်စုအဖွဲ့တစ်ခုက အင်အားနည်းသည့် အုပ်စုအဖွဲ့ကို လူသူ သို့မဟုတ် လက်နက်အင်အားဖြင့် စိုးမိုးအုပ်ချုပ်ခြင်း၊ သွေးဆောင်ခြင်း



mgyoe.com

mgyoe.com SAMPLE BOOK

ဖြင့် စည်းရုံးအုပ်ချုပ်ခြင်း ဟူ၍ နှစ်မျိုးနှစ်စားဖြင့် စတင်ခဲ့သည်။ ထိုသဘော တရား နှစ်ရပ်ကို အခြေခံပြီး အုပ်ချုပ်သူနှင့် အုပ်ချုပ်မှုကို ခံယူသူ နှစ်မျိုးဖြင့် နိုင်ငံတော် *(State)* ဟူ၍ ပေါ်ပေါက်လာသည်ဟု ဆိုနိုင်သည်။

အရစ္စတိုတယ်က "နိုင်ငံ ဆိုသည်မှာ သဘာဝ၏ ဖန်တီးမှုတစ်ခု ဖြစ်ပြီး၊ လူ ဆိုသည်မှာ သဘာဝအားဖြင့် နိုင်ငံရေးသတ္တဝါ ဖြစ်သည်" ဟု ပြောဆိုခဲ့ သည့် စကားကို ထောက်ရှုနိုင်ပါသည်။ နိုင်ငံ ဆိုသည်မှာ သဘာဝတရားအရ ဖြစ်တည်လာခြင်းဖြစ်ပြီး ထိုနိုင်ငံ တည်မြဲရေးအတွက် လူသားတို့ အားထုတ် ကြိုးပမ်းခြင်းသည် ကောင်းမွန်သော လူ့ဘဝ*(Good Life)* ကို ရရှိပိုင်ဆိုင်နိုင်ရေး အတွက်သာ ဖြစ်သည်။

ကမ္ဘာပေါ်တွင် လွတ်လပ်သောဒေသများ သီးခြား တည်ရှိနေကြပါသည်။ ထိုဒေသများတွင် နေထိုင်ကြသူများသည် မိမိတို့အပေါ် အုပ်ချုပ်သူများကသာ မိမိတို့ဘဝ အေးချမ်း သာယာစွာ နေထိုင်နိုင်ရေးအတွက် ချမှတ်ထားသည့် စည်းမျဉ်းဥပဒေများကို လိုက်နာချင်ကြသည့် သဘောသဘာဝလည်း ရှိကြ သည်။ မိမိတို့နိုင်ငံ သို့မဟုတ် ဒေသဆိုင်ရာ အုပ်ချုပ်သူ သို့မဟုတ် အစိုးရများ ကသာ ပြင်ပ လွှမ်းမိုးချုပ်ကိုင်မှု မပါဘဲ ဥပဒေများ လွတ်လပ်စွာ ရေးဆွဲ အုပ်ချုပ်နိုင်သည့် ဒေသများကို 'နိုင်ငံ' ဟု ခေါ်ဆိုကြပါသည်။

၁၉၃၃ ခုနှစ်တွင် နိုင်ငံများ၏ အခွင့်အရေးများ၊ တာဝန်များနှင့် စပ်လျဉ်း ပြီး မွန်တီဗီဒီယို သဘောတူစာချုပ် *(Montevideo Convention)*ကို နိုင်ငံများ သဘောတူ ချုပ်ဆိုခဲ့ကြပါသည်။ ထိုသဘောတူစာချုပ်အရ နိုင်ငံ တစ်နိုင်ငံ သည် အောက်ပါအချက် လေးချက်ဖြင့် ပြည့်စုံရမည်ဟု သတ်မှတ်ခဲ့ကြသည်-

၁။ အမြဲတမ်း နေထိုင်သော လူဦးရေ၊

၂။ သတ်မှတ်ထားသည့် နယ်ပယ်၊

၃။ အစိုးရ၊

၄။ အခြားနိုင်ငံများနှင့် ဆက်ဆံနိုင်သော အရည်အချင်း

တို့နှင့် ပြည့်စုံမှသာ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ အချုပ်အခြာအာဏာ ရှိသည်ဟု မှတ်ယူနိုင်ပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်ကို အဓိပ္ပာယ် ဖွင့်ဆိုရလျှင် 'နိုင်ငံတော် ဆိုသည်မှာ လူမျိုးစုများတို့သည် လွတ်လပ်စွာဖြင့် တိကျစွာ သတ်မှတ်ထားသော မြေဧရိယာအတွင်း၌ အမြဲတစေ နေထိုင်ကြပြီး ပြင်ပ ကွပ်ကဲမှု လုံးဝကင်းရှင်း၍ လူအများက အစဉ်သဖြင့် နာခံသော စနစ်တကျ


mgyoe.com

mgyoe.com
SAMPLE BOOK

ဖွဲ့စည်းထားသည့် အစိုးရကို ပိုင်ဆိုင်ကြသူများအား ခေါ်ပေသည်' ဟု မှတ်ယူရမည် ဖြစ်သည်။

*J.P. Esmein (1848-1913)* က 'နိုင်ငံဟူသည် ပြည်သူတစ်ရပ်လုံး၏ တရားစီရင်မှုဆိုင်ရာ အာဏာရပ်ကို ဖော်ဆောင်ပေးထားခြင်းသာ ဖြစ်သည်။ လူတစ်ဦးချင်း၏ လွတ်လပ်မှု၊ အခွင့်အရေးကို လေးစားရမည် ဖြစ်သော်လည်း နိုင်ငံတော်ကိုမူ မည်သူကမျှ ပြန်လှန် ဆန့်ကျင်နိုင်ခွင့် မရှိ။ အချုပ်အခြာအာဏာရပ် ဟူသည် အမျိုးသားတစ်ရပ်လုံး၏ နိုင်ငံရေးအသိဖြင့် ဖွဲ့စည်းထားသောအရာသာ ဖြစ်သည်။ နိုင်ငံတော်သည် ဥပဒေအရ အမြင့်မားဆုံး အာဏာရပ် ဖြစ်ပြီး လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အခြေခံ လွတ်လပ်ခွင့်ကိုလည်း ကာကွယ်ရန် တာဝန်ရှိသည်' ဟု အဓိပ္ပာယ် ဖွင့်ဆိုခဲ့ပါသည်။

အချုပ်အားဖြင့် ပြောရလျှင် နိုင်ငံရေးအရ ဩဇာသက်ရောက်မှု ရှိသည့် နယ်နိမိတ် အတိအကျ ရှိသော နယ်မြေ အပိုင်းအခြားကို နိုင်ငံ *(State)* ဟု ခေါ်သည်။ ၎င်းတွင် လူဦးရေ၊ အများအသိအမှတ်ပြု ပိုင်းခြားထားသော နယ်မြေ အကျယ်အဝန်း *(defined territory)* ရှိရသည်။ ၎င်းသည် အချုပ်အခြာ အာဏာ ပိုင်စိုးပြီး နိုင်ငံအတွင်းရှိ ပြည်သူများအား ကိုယ်စားပြု အုပ်ချုပ်သည့် အစိုးရ ရှိရသည်။ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် နိုင်ငံ *(State)* သည် အချုပ်အခြာအာဏာ ပိုင်စိုးပါသည်။ ၎င်းအပေါ် အခြားနိုင်ငံများ၏ အသိအမှတ်ပြုခြင်း *(recognition)* ကို ခံယူနိုင်မှသာ နိုင်ငံတော်ဟု ဆိုနိုင်သည်။

### အာဏာ

နိုင်ငံတော်၏ အဓိက ဂုဏ်ပုဒ်သည် *Coercive Power* ခေါ် 'မိမိပြဋ္ဌာန်းချက်ကို လိုက်နာကြစေရန်အတွက် ကြပ်မတ်စေနိုင်သောအာဏာ *(Coercive Power)* ကို တစ်ဦးတည်း ပိုင်ဆိုင်ထားနိုင်ခြင်း' ဖြစ်သည်။ ထိုအာဏာကို နိုင်ငံတော်ကသာ ချုပ်ကိုင် သုံးစွဲပိုင်ခွင့် ရှိသည်။

ထိုသုံးစွဲပိုင်ခွင့်အာဏာဖြင့် အများသူငါ လိုက်နာ ဆောင်ရွက်နိုင်စေရေးအတွက် ကြပ်မတ်နိုင်ခြင်း၊ ထိုအာဏာကို တစ်ဦးတည်း ကိုင်ဆောင် သုံးစွဲခွင့်ရှိခြင်းကို အချုပ်အခြာအာဏာ *(Sovereignty)* ဟု ခေါ်သည်။ နိုင်ငံရေးဆိုသည်မှာ အချုပ်အခြာအာဏာ ပိုင်ဆိုင်ခွင့် ရရေးအတွက် ဆောင်ရွက်နေကြခြင်းသာ ဖြစ်သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

လူမှုစနစ်တွင် အာဏာနှင့် မကင်းနိုင်ပေ။ လူမှုရေးနှင့် နိုင်ငံရေးရာများကို ဆောင်ရွက်ရာတွင်လည်း အာဏာနိုင်ငံရေး၊ အာဏာဆက်ဆံရေးဖြင့် ကင်းကွာ၍ မရနိုင်ပေ။ နိုင်ငံ ဆိုသည်မှာ အာဏာကို ဖန်တီးရန် မဟုတ်၊ အာဏာကို သရုပ်ဖော်ပေးရန်သာ ဖြစ်သည်။ လူ ဆိုသည်မှာ အလိုဆန္ဒ ကွဲပြားခြားနားခြင်း၊ ပင်ကိုအရည်အသွေးများ မတူညီကြခြင်း၊ ကာယ၊ ဉာဏ စွမ်းရည် မတူညီကြခြင်းတို့ကြောင့် အာဏာကျင့်သုံးမှု၊ စွဲကိုင်မှု ဆိုသည်မှာ ရှိနေရမည်သာ ဖြစ်သည်။ အာဏာကို စနစ်တကျ စီမံဖန်တီးနိုင်ရေးနှင့် တရားမျှတစွာ ကျင့်သုံးနိုင်ရေးအတွက် နိုင်ငံတော်ကို လူတို့က ဖန်တီး တည်ထောင်ထားရခြင်း ဖြစ်သည်။

'အာဏာ ဆိုသည်မှာ အခြားသူများ အမိန့်နာခံပြီး လိုက်နာ ကျင့်သုံးစေရန် ပြုလုပ်နိုင်သည့် အရည်အချင်း' ဟု ဖွင့်ဆိုပါသည်။ အာဏာ *(Power)* သည် *Force* နှင့် မတူပေ။ *Force* သည် အကန့်အသတ်ရှိပြီး ရည်ရွယ်ချက်တစ်ခု ဖြစ်မြောက်စေရန် ခေတ္တသာ သုံးစွဲနိုင်သည့်သဘော ရှိသည်။ အာဏာသည် ရေရှည် တည်မြဲနိုင်သည့် သဘောတူညီချက် *(Consent)* ကို ရယူနိုင်သည်။ အာဏာသည် သူ့အလိုအလျောက် စွမ်းအားမရှိပေ။ အာဏာကို သုံးစွဲနိုင်မှသာ စွမ်းအား ရှိလာနိုင်သည်။ သုံးစွဲသည် ဆိုရာတွင် လူတစ်ဦးမှ အခြားလူတစ်ဦး၊ လူတစ်စုမှ အခြားလူတစ်စုသို့ သက်ရောက်စေရန် သုံးစွဲရသည်။ သို့ဖြစ်ရာ အာဏာ သုံးစွဲရေးသည် လူမှုဆက်ဆံရေး သဘောတရားတစ်ခု ဖြစ်လာသည်။

## အချုပ်အခြာအာဏာ

အချုပ်အခြာအာဏာ *(Sovereign Power)* ဆိုသည်မှာ ရှေးလက်တင်စကား *Superanus* မှ ဆင်းသက်လာသည့် စကားလုံး ဖြစ်သည်။ ပြင်သစ် ဥပဒေပညာရှင် ဘိုဒင် *(Bodin)* က အချုပ်အခြာအာဏာ ဟူသည် နိုင်ငံတစ်နိုင်ငံအတွင်း အကန့်အသတ် မရှိသော အမြင့်မားဆုံးအာဏာဖြစ်သည်ဟု ဖွင့်ဆိုခဲ့ပါသည်။ ဂျွန် ဩစတင် *(John Austin)* ကလည်း အချုပ်အခြာအာဏာသည် မရှိမဖြစ်သော အာဏာဖြစ်ပြီး ပိုင်းခြား ကန့်သတ်၍ မရသော အာဏာဖြစ်သည်ဟု ဖွင့်ဆိုထားသည်။

ဆိုဗီယက် ဥပဒေပညာရှင် *V.V. Yevgenyer* ကလည်း အချုပ်အခြာအာဏာ ဆိုသည်မှာ အခြားနိုင်ငံများ၏ အခွင့်အရေးကိုဖြစ်စေ၊ အပြည်ပြည်

mgyoe.com

mgyoe.com
SAMPLE BOOK

ဆိုင်ရာ ဥပဒေ၏ မူသဘောတရားများနှင့် စည်းကမ်းချက်များကိုဖြစ်စေ ထိပါး ချိုးဖောက်ခြင်း မရှိဘဲ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးနှင့် ပြည်ပရေးရာများ တွင် မိမိသဘောအရ လွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်နိုင်သည့် အခွင့်အရေး တစ်ရပ် ဖြစ်သည်ဟု ဖွင့်ဆိုထားပါသည်။

နိုင်ငံတော် အချုပ်အခြာအာဏာပိုင် ဆိုသည်မှာ လူတစ်စု၊ လူတစ်ဖွဲ့၏ ဥပဒေအရ ရရှိအပ်သော နိုင်ငံတော်အာဏာရပ်ကို ခေါ်ဆိုပါသည်။ တစ်နည်း အားဖြင့် အချုပ်အခြာအာဏာပိုင်မှု ဆိုသည်မှာ နိုင်ငံနယ်ပယ်နှင့် ၎င်းနယ် ပယ်အတွင်းရှိ လူပုဂ္ဂိုလ်နှင့် ပစ္စည်းများအပေါ်တွင် ကျင့်သုံးနိုင်သော တန်ခိုး အာဏာဖြစ်ပြီး နိုင်ငံရေးအာဏာ လက်ကိုင်ရှိသူများ သို့မဟုတ် အဖွဲ့များက အမှန်တကယ် ကျင့်သုံးခွင့်ရှိသော အာဏာ ဖြစ်သည်။ ထိုအာဏာသည် ပြည်တွင်းရေးရာ အခွင့်အရေးတစ်ရပ်ဖြစ်သည်ဟု *J.E.S. Fawcett* က *"The Law of Nations"* စာအုပ်တွင် ရေးသား ဖော်ပြထားပါသည်။

လွတ်လပ်သော အချုပ်အခြာအာဏာ ဆိုသည်မှာ အခြားနိုင်ငံများ၏ လွှမ်းမိုးချုပ်ကိုင်မှု မရှိဘဲ မိမိတို့၏ စိတ်ပိုင်းဘဝနှင့် ရုပ်ပိုင်းဘဝ ဖွံ့ဖြိုးတိုးတက် ကောင်းမွန်စေရန် ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်သော လွတ်လပ်စွာ ဖန်တီးကြံဆ ဆောင်ရွက်နိုင်မှုကို ခေါ်ဆိုပါသည်။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံ ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံသည် လွတ်လပ်မှု မရှိဘဲ အချုပ်အခြာအာဏာ ပိုင်မှု မရှိနိုင်ပေ။ ထို့ပြင် မိမိတို့ ပြည်တွင်း အချုပ်အခြာ အာဏာပိုင်မှုကို လွှမ်းမိုးထားခြင်း ခံနေရလျှင်လည်း လွတ်လပ်မှု မရှိနိုင်ပေ။ ထို့ကြောင့် နိုင်ငံ တစ်နိုင်ငံသည် မိမိကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်မူ *(Self-Determination Principle)* အရ ရပ်တည်နိုင်သော နိုင်ငံဖြစ်မှသာ လွတ်လပ်သောနိုင်ငံဟု ခေါ်ဆို နိုင်ပါသည်။

## အာဏာခွဲဝေသုံးစွဲခြင်း

လူ့ဘောင်အဖွဲ့အစည်းအတွင်း နိုင်ငံ ဟူ၍ ပေါ်ပေါက်လာပြီးသည့်နောက်တွင် နိုင်ငံကို အုပ်ချုပ်ရေးသည် အဓိကကျသည့် လုပ်ငန်းတစ်ရပ် ဖြစ်လာပါသည်။ နိုင်ငံ တစ်နိုင်ငံသည် မည်သည့်ပုံစံ၊ မည်သည့်စနစ်ဖြင့် ဖွဲ့စည်းထားသည် ဖြစ်စေ -

၁။ ဥပဒေပြုမှုအာဏာ *(Legislation)*၊

၂။ အုပ်ချုပ်ရေးအာဏာ *(Administration)*၊

mgyoe.com

mgyoe.com
SAMPLE BOOK

၃။ တရားစီရင်ရေးအာဏာ *(Judiciary)*
ဟူသည့် အာဏာကြီး သုံးရပ်ပေါ်တွင် အခြေခံပြီး အုပ်ချုပ်ရပေသည်။

နိုင်ငံတော်၏ ဥပဒေပြုဌာနသည် ဥပဒေများကို ပြဋ္ဌာန်းပေးရခြင်း၊ စီမံခန့်ခွဲမှုဌာနသည် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ နိုင်ငံသူ နိုင်ငံသားများအပေါ် စီမံခန့်ခွဲရခြင်း၊ တရားစီရင်ရေးဌာနသည် နိုင်ငံသူ နိုင်ငံသားတို့၏ စားဝတ်နေရေးမှ အစပြုပြီး နိုင်ငံအတွင်း ပြဋ္ဌာန်းထားသော တရားဥပဒေများနှင့်အညီ မှန်ကန်ပြီး တရားမျှတသည့် အခွင့်အရေးများ ရရှိစေရန် ထိန်းကွပ်ပေးခြင်းတို့ကို ပြုလုပ်ပေးရပါသည်။

နိုင်ငံတိုင်းတွင် ထိုအာဏာကြီး သုံးရပ်ဖြင့် အုပ်ချုပ်ကြသော်လည်း နိုင်ငံအလိုက် တိကျစွာ ပိုင်းခြားအုပ်ချုပ်သည့် *(Separation of Power)* သဘောတရားများ ရှိကြောင်း တွေ့ရသည်။ ဆိုလိုသည်မှာ အချို့နိုင်ငံများတွင် ထိုအာဏာသုံးရပ်ကို တစ်ခုနှင့် တစ်ခု မရောယှက်၊ မစွက်ဖက်ဘဲ သီးခြားစီကျင့်သုံးကြပြီး အချို့နိုင်ငံများတွင် ထိုအာဏာ သုံးရပ်ကို ထိန်းချုပ်ပြီး ရောယှက် ဆက်စပ်ကာ အသုံးပြုကြသည်။

အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတိုင်းတွင် အာဏာကြီးသုံးရပ် ခွဲပြီး မိမိတို့နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးကြသည်။ နိုင်ငံတိုင်းတွင် ပြည်သူလူထုက ရွေးကောက်တင်မြှောက်ပေးလိုက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းထံ ဥပဒေပြုအာဏာကို အပ်နှင်းကြရသည့်အတွက် ယင်းအဖွဲ့အစည်းသည် ဥပဒေပြုမှု အာဏာကို ကျင့်သုံးသော ဥပဒေပြုအဖွဲ့ ဖြစ်လာပါသည်။

ဥပဒေပြုအဖွဲ့ကို ဗြိတိန်တွင် ပါလီမန် *(Parliament)*၊ အမေရိကန် ပြည်ထောင်စုတွင် ကွန်ဂရက် *(Congress)*၊ ဂျပန်တွင် ဒိုင်းယက် *(Diet)* နှင့် မြန်မာနိုင်ငံတွင် လွှတ်တော် စသည်ဖြင့် မိမိတို့နိုင်ငံအလိုက် အခေါ်အဝေါ် အမျိုးမျိုးဖြင့် သုံးစွဲကြသည်။

အာဏာ သုံးရပ်ကို ခွဲဝေကျင့်သုံးခြင်း *(seperation of powers)* နှင့် အပြန်အလှန် ကြပ်မတ်စစ်ဆေးခြင်း *(check and balance)* နည်းတို့ဖြင့် ကျင့်သုံးရပါသည်။ လူပုဂ္ဂိုလ်တစ်ဦးတည်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုတည်းကို အာဏာအား အတိုင်းအဆ မရှိ၊ အကာအကွယ် အတားအဆီး မရှိဘဲ ပေးအပ်ထားခြင်းသည် အန္တရာယ်များသောကြောင့် ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထို့ကြောင့် ပြင်သစ် နိုင်ငံရေးသိပ္ပံပညာရှင် ဘိုဒင် *(Bodin)* က "နိုင်ငံကို အုပ်ချုပ်ရာတွင် အာဏာများကို ခွဲဝေသတ်မှတ်ထားမှသာလျှင် တရားမျှတမှု ရှိနိုင်လိမ့်မည်" ဟု ဆိုထားသည်။

အာဏာကို ခွဲဝေသတ်မှတ် ကျင့်သုံးခြင်းနှင့် ပတ်သက်ပြီး ပြင်သစ် နိုင်ငံရေး တွေးခေါ်ပညာရှင် မွန်တက်စ်ကျူ *(Montesquieu)* ကလည်း လူပုဂ္ဂိုလ် တစ်ဦးတည်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုတည်းက အာဏာသုံးမျိုးစလုံးကို ကိုင်စွဲ မကျင့်သုံးသင့်ပေ။ ဥပဒေပြုရေးအာဏာကို ဖော်ဆောင်ပေးနေရသော အဖွဲ့သည် ဥပဒေပြုခြင်း အလုပ်ကိုသာလုပ်ပြီး ထိုဥပဒေတို့ကို အကောင်အထည် ဖော်ခြင်း၊ အကျိုးသက်ရောက်စေခြင်းတို့ကို ပြုလုပ်ရန် မလိုပေ။ အုပ်ချုပ်ရေးအာဏာကို ကိုင်စွဲထားသည့် အဖွဲ့မှာလည်း မိမိတို့ အလိုရှိသည့် ဥပဒေမျိုး ရရှိရန် ဥပဒေပြုသူများကို ကြိုးကြပ်ကွပ်ကဲခြင်း၊ တရားစီရင်ခြင်းတို့ကို မပြုလုပ်သင့်ပေ။ ထိုသို့ ပြုလုပ်ခွင့် ရလျှင်လည်း တရားမျှတမှု ဆိုသည်မှာ ရှိနိုင်မည် မဟုတ်ပေ။ တရားစီရင်ရေးအဖွဲ့ကလည်း ဥပဒေပြုရေးအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့တို့၏ လွှမ်းမိုးကြီးစိုးခြင်းမှ ကင်းလွတ်ပြီး လွတ်လပ်စွာ တရားစီရင်ခြင်း ပြုနိုင်ခွင့်ရှိရန် လိုသည်ဟု ယူဆသည်။

ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့ကို တစ်ဦးတစ်ယောက် သို့မဟုတ် လူတစ်စု၏ လက်ဝယ်တွင် ထားရှိပါက ထိုအာဏာ ရရှိထားသည့်သူ တစ်ဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့သည် မိမိစိတ်တိုင်းကျ အုပ်စိုးရန် နှစ်သက်ရာ ဥပဒေကို ပြဋ္ဌာန်းပြီး အုပ်ချုပ်သွားမည် ဖြစ်သည်။ ထိုအုပ်ချုပ်ရေးမှာ စိုးရိမ်ဖွယ်ရာကောင်းပြီး အန္တရာယ်လည်း ရှိနိုင်ပေသည်။

တရားစီရင်ရေး အာဏာကို ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတို့နှင့် ခွဲခြားမထားလျှင် တရားသူကြီးသည် ဥပဒေပြုသူ ဖြစ်သွားပြီး တစ်ဖက်သတ် ဆုံးဖြတ်ချက်ချခြင်း၊ ချုပ်ချယ်ခြင်းကို ပြည်သူတို့ ခံရဖွယ် ရှိသည်။ ထို့ပြင် အုပ်ချုပ်ခွင့်အာဏာကိုပါ ရရှိသွားပါကလည်း တရားသူကြီး၏ နှိပ်စက်ညှဉ်းပန်းမှုကို ခံရမည် ဖြစ်သည်။ ထို့ကြောင့် အာဏာရပ်များ ပိုင်းခြားသတ်မှတ်ကာ အုပ်ချုပ်ခြင်းသည်သာ အမှန်ကန်ဆုံးဖြစ်ကြောင်း မွန်တက်စ်ကျူက တွေးခေါ် ဖော်ထုတ်ခဲ့ပါသည်။

**ရည်ညွှန်း**


၁။ အပြည်ပြည်ဆိုင်ရာ ဥပဒေအခြေခံ၊ မောင်တင်အုန်း၊ ၁၉၇၅ ခုနှစ်။

၂။ ပြည်သူ့အုပ်ချုပ်ရေးပညာစာစောင်၊ အတွဲ-၁၊ အမှတ်-၂ ၁၉၆၀ ပြည့်နှစ်၊ ဇွန်လ။




mgyoe.com

mgyoe.com SAMPLE BOOK

# အစိုးရတို့၏ မူလအစ

အစိုးရ
ဆိုသည်မှာ
မိမိတို့
အုပ်ချုပ်ရေး
အပေါ်
အာရုံစိုက်ရသည်။
တိုင်းပြည်ကို
ဘယ်ပုံဘယ်နည်း အုပ်ချုပ်မည်၊
ဘယ်လောက် ထိန်းချုပ်ပြီး
ဘယ်လောက် လွတ်လပ်ခွင့်ပေးမည်ကို
သတ်မှတ်ပြဋ္ဌာန်းပြီးမှ အုပ်ချုပ်ရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# အစိုးရတို့၏ မူလအစ

'အစိုးရ' ဆိုသည့် စကားရပ်သည် နယ်မြေဒေသနှင့် လူမျိုးတစ်မျိုးအတွက် အသုံးပြုရသည့် စကားရပ် ဖြစ်သည်။ ထိုနိုင်ငံနှင့် ထိုလူမျိုးကို အုပ်စိုးရသည့် အဖွဲ့အစည်းသည် အစိုးရ ဖြစ်ပြီး အုပ်စိုးရန် ပြဋ္ဌာန်းထားသည့် စည်းမျဉ်း သို့မဟုတ် စည်းကမ်းသတ်မှတ်ချက် သို့မဟုတ် ဥပဒေများ ရှိရပါသည်။ အုပ်ချုပ်ခြင်း ဆိုသည်မှာ စည်းကမ်းသတ်မှတ်ချက်အတိုင်း ပြုလုပ် ဆောင်ရွက်ခြင်း ဟူသည့် အနက်လည်း ဆောင်ပါသည်။ အုပ်စိုးမှု အစသည် လူမျိုးစု ခေါင်းဆောင်များ မကြာခဏ တွေ့ဆုံကြပြီး အကြံပြုခြင်း၊ ဝေဖန် ဆွေးနွေးခြင်း၊ တင်မြှောက်ခြင်း၊ ဖြတ်ချခြင်းနှင့် အရေးယူ အပြစ်ပေးခြင်းတို့မှ အစပြုကာ အစိုးရ ဟူ၍ ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။ လူ့သမိုင်းတွင် အစိုးရတိုင်း ရင်ဆိုင်ခဲ့ရသည့် ပြဿနာတစ်ရပ်မှာ လွတ်လပ်ရေး၊ ညီမျှရေးနှင့် ဒီမိုကရေစီ ရေးတို့သာ ဖြစ်နေကြောင်းလည်း သတိပြုသင့်ပါသည်။

## အစိုးရ လိုသလား

သောမတ်စ် ဂျက်ဖာဆန် ဆိုသူက 'အကောင်းဆုံး အစိုးရ ဆိုသည်မှာ အုပ်ချုပ်မှု အနည်းဆုံး' ဟူ၍ ရှင်းလင်းစွာ ဖွင့်ဆိုသွားခဲ့ပါသည်။ ယေဘုယျသဘောဖြင့် ပြောရလျှင် အစိုးရတစ်ရပ် လိုအပ်ခြင်း ဆိုသည်မှာ နိုင်ငံသူ နိုင်ငံသား အကျိုးတရားအတွက် အလုပ်လုပ်ပေးရန် ဖြစ်သဖြင့် 'ပြည်သူ့အကျိုးဆောင်ရန်' လိုအပ်သည်ဟု ပြောနိုင်ပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် သာမန် ပြည်သူတိုင်း မလုပ်နိုင်၊ မဆောင်ရွက်နိုင်သည့် အစိုးရတစ်ရပ်အနေဖြင့် လုပ်ဆောင်ရန် လိုအပ်သည့် ကိစ္စရပ်တိုင်းအတွက် အစိုးရ လိုသည်ဟု ပြောရ



mgyoe.com

mgyoe.com
SAMPLE BOOK

မည် ဖြစ်သည်။ ဥပမာ ကာကွယ်ရေးကိစ္စများ၊ နိုင်ငံခြား ကျူးကျော်မှုများကို ကာကွယ် တားဆီးရန်ကိစ္စများ၊ နိုင်ငံသူ နိုင်ငံသားတို့ လိုက်နာရန်အတွက် မဖြစ်မနေ ထုတ်ပြန်ရန် လိုအပ်သော အမိန့်များ၊ နိုင်ငံတကာနှင့် ချုပ်ဆိုရန် စာချုပ်များကိစ္စ၊ မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန်နှင့် တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များအတွက် အစိုးရ ဆိုသည်မှာ မရှိမဖြစ် လိုအပ်နေမည်သာ ဖြစ်ပါသည်။

## အစိုးရပုံစံများ

အစိုးရပုံစံအမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးနှင့် လုပ်ဆောင်ပုံအမျိုးမျိုး ရှိနိုင်ပါသည်။ အစိုးရ ကွဲပြားသော်လည်း မေးရန်မေးခွန်း နှစ်မျိုးသာ ရှိပါသည်။

- ဘယ်သူတွေ အုပ်ချုပ်မှာလဲ၊
- ဘယ်လောက် လုပ်ပိုင်ခွင့် ရှိသလဲ ဖြစ်ပါသည်။

နိုင်ငံအချို့တွင် လူတစ်ဦးတည်းက အုပ်ချုပ်သည့်စနစ်မျိုး ရှိပါသည်။ ဘုရင်စနစ် သို့မဟုတ် အာဏာရှင်စနစ်သည် တစ်ဦးတစ်ယောက် အုပ်ချုပ်ရေးစနစ် ဖြစ်သည်။ ထိုအုပ်ချုပ်မှုမျိုးကို သက်ဦးဆံပိုင်စနစ် သို့မဟုတ် အာဏာရှင် အုပ်ချုပ်ရေး *(autocracy)* ဟု ခေါ်သည်။

နိုင်ငံတစ်နိုင်ငံတွင် မြေရှင်ကြီးများ၊ စစ်တပ်အရာရှိကြီးများနှင့် လူချမ်းသာကြီးများက လွှမ်းမိုးပြီး အုပ်ချုပ်ရေးကို ချုပ်ကိုင်ထားလျှင် ထိုအစိုးရမျိုးကို လူနည်းစုအစိုးရ *(oligarchy)* ဟု သတ်မှတ်နိုင်ပါသည်။ နိုင်ငံအုပ်ချုပ်ရေးတွင် လူများစု ပါဝင်လာပြီး ဆုံးဖြတ်ချက်များကို လူများစု ပူးပေါင်းဆောင်ရွက်ခြင်း ပြုလာနိုင်လျှင် ဒီမိုကရေစီ *(democracy)* ဖြစ်လာပြီဟု ဆိုနိုင်ပါသည်။

အစိုးရ ဆိုသည်မှာ မိမိတို့ အုပ်ချုပ်ရေးအပေါ် အာရုံစိုက်ရသည်။ တိုင်းပြည်ကို ဘယ်ပုံဘယ်နည်း အုပ်ချုပ်မည်၊ ဘယ်လောက် ထိန်းချုပ်ပြီး ဘယ်လောက် လွတ်လပ်ခွင့်ပေးမည်ကို သတ်မှတ်ပြဋ္ဌာန်းပြီးမှ အုပ်ချုပ်ရပါသည်။ ထိန်းချုပ်ကန့်သတ်ချက်များဖြင့် အုပ်ချုပ်သည့် အစိုးရကို *constitutional government* ဟု ခေါ်ပါသည်။ *Liberal government* ဟူ၍လည်း ပြောနိုင်သည်။

အချို့နိုင်ငံများတွင် (ဥရောပနှင့် တောင်အမေရိက၊ အာရှနှင့် အာဖရိက နိုင်ငံများ) ကိုယ်ပိုင်အုပ်ချုပ်ခွင့် အာဏာများကို ဒေသဆိုင်ရာများအလိုက်

mgyoe.com

mgyoe.com
SAMPLE BOOK

ပေးထားခြင်း၊ ဘာသာရေး အဖွဲ့အစည်းများ၊ စီးပွားရေး အဖွဲ့အစည်းများ၊ အလုပ်သမား၊ လယ်သမား အဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပေးထားပြီး ထိန်းချုပ်မှု အနည်းဆုံးဖြင့် နိုင်ငံရေးနှင့် လူမှုရေး လှုပ်ရှားမှုများကို လွတ်လပ်ခွင့် ပေးထားကြသည်။ သို့သော် ဥပဒေကို အတိအကျ ချမှတ်ခြင်း၊ ဥပဒေပါအတိုင်း အတိအကျ တင်းကျပ်စွာ အုပ်ချုပ်တတ်သော အစိုးရမျိုးလည်း ရှိသည်။ ထိုအစိုးရမျိုးကို အာဏာရှင်ဟု သတ်မှတ်သော်လည်း ဥပဒေအတိုင်း တိကျစွာ ဆောင်ရွက်သော အာဏာရှင် *(authoritarian)* ဟူ၍ သတ်မှတ်သည်။

ဂျိုးဇက် စတာလင်လက်ထက် ဆိုဗီယက်ယူနီယံ၊ နာဇီဂျာမနီခေတ်၊ ဒုတိယ ကမ္ဘာစစ် မတိုင်မီ ဂျပန်နှင့် အီတလီနိုင်ငံများတွင် အုပ်ချုပ်သွားသည့် အစိုးရများသည် လွတ်လပ်ခွင့်များကို ထိန်းချုပ်ခြင်း၊ ကန့်သတ်ချက် များလွန်းခြင်း၊ သီးခြား လွတ်လပ်ခွင့်များ မပေးခြင်း၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး လွတ်လပ်ခွင့် မရှိခြင်းတို့ကြောင့် ထိုသို့သော အစိုးရများကို အကြွင်းမဲ့ အာဏာရှင်စနစ် *(totalitarian)* ဟူ၍ သတ်မှတ်ကြသည်။

၁၇ ရာစု အစပိုင်းတွင် အနောက်နိုင်ငံအချို့၌ ပြောင်းလဲမှု နှစ်ခုကို အစိုးရတိုင်း ရင်ဆိုင်လိုက်ကြရသည်။

ပထမ ပြောင်းလဲမှုမှာ အစိုးရတို့သည် မိမိတို့ အာဏာကျင့်သုံးမှုများ၊ ကန့်သတ်ချက်များကို ပြန်လည် သုံးသပ်လာကြခြင်း ဖြစ်သည်။

ဒုတိယ ပြောင်းလဲမှုမှာ အစိုးရများအနေဖြင့် အရပ်သားများကို အုပ်ချုပ်ရေးအဖွဲ့အတွင်း ဆွဲသွင်းလာခြင်း၊ ရွေးကောက်တင်မြှောက်သည့် စနစ်များ ကျင့်သုံးလာခြင်းတို့ ဖြစ်သည်။ အစိုးရအနေဖြင့် ကန့်သတ်ထိန်းချုပ်မှုများကို လျှော့ပေးခြင်းနှင့် ပြည်သူများ ပူးပေါင်းခွင့်များကို လွှတ်ပေးလိုက်ခြင်းကြောင့် ၁၇၇၆ ခုနှစ်တွင် အမေရိကန်တော်လှန်ရေးကို ဖြစ်ပေါ်စေခဲ့သည်။ ပြည်သူကို ကိုယ်စားမပြု၊ ပြည်သူ့အတွက် မသုံးလျှင် အခွန် မကောက်ရန် လှုံ့ဆော်မှုများသည် အမေရိကန် တော်လှန်ရေးကို ဖြစ်ပွားစေခဲ့သည့် အကြောင်းတရားဖြစ်စေခဲ့သည်။

ပြည်သူကို ကိုယ်စားမပြုသော ဥပဒေများကို ဆန့်ကျင်ကန့်ကွက်ကြခြင်း၊ ဆန့်ကျင်ကန့်ကွက်မှုအတွက် အောင်မြင်ခဲ့မှုများ ရခဲ့ခြင်းတို့ကြောင့် ပြည်သူတို့ အောင်ပွဲ နှစ်ခု ရရှိခဲ့သည်။ ပထမ အောင်ပွဲမှာ အစိုးရအပေါ် အကန့်အသတ်

mgyoe.com

mgyoe.com
SAMPLE BOOK

များကို ပြည်သူက ပြုလုပ်ခွင့် ရရှိလာသည်။ ဒုတိယအချက်မှာ ပြည်သူများ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးတွင် လွတ်လပ်စွာ ပါဝင်ခွင့် ရလာခြင်း ဖြစ်သည်။

## အစိုးရကို ကန့်သတ်ခြင်း

အစိုးရအာဏာ ဆိုသည်မှာ အကန့်အသတ်နှင့်သာ ဖြစ်သင့်ကြောင်းကို ပထမဦးဆုံး သဘောပေါက်ပြီး အကောင်အထည်ဖော်သူများမှာ ဘူဇွာ *(bourgeois)* ခေါ် အရင်းရှင်များ ဖြစ်သည်။ *Bourgeois* ဆိုသည်မှာ *bourgeoisie* ဟု ခေါ်သည့် ပြင်သစ်စကားမှ လာပြီး မြို့တော်ရှိ အခွင့်ထူးခံ လူတန်းစား *(freeman)* ဆိုသည့် အဓိပ္ပာယ်နှင့် ဆင်သော *"bourg"* ဆိုသည့် စကားလုံးမှ ဆင်းသက်လာသည်။

ဘူဇွာများသည် နောက်ပိုင်းတွင် လူလတ်တန်းစား ကုန်သည်များနှင့် ပူးပေါင်းမိကြပြီး စီးပွားရေး သို့မဟုတ် ကုန်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းများ လုပ်ဆောင်လာကြသည်။ ထိုလူတန်းစားသည် နောက်ပိုင်းတွင် ဓနအင်အား ကြွယ်ဝချမ်းသာလာကြပြီး အစိုးရ သို့မဟုတ် အုပ်ချုပ်သည့် လူတန်းစားကို ထိန်းချုပ်နိုင်စွမ်း ရှိသည့် အဆင့်သို့ ရောက်လာသည်။ ဘုရင်နှင့် ပူးပေါင်းခြင်း၊ ဘုရင်ကို ဖြုတ်ချ အစားထိုးခြင်းများကို ဆောင်ရွက်နိုင်သည်အထိ အင်အား တောင့်တင်းလာကြသည်။ ဘူဇွာ လူတန်းစားတို့ အစိုးရအပေါ် လွှမ်းမိုးနိုင်ခဲ့သည့် ရာစုသည် နှစ်အတော်ကြာသွားခဲ့သည်။

ဘူဇွာတို့သည် လက်ရှိ ခိုင်မြဲနေသည့် အုပ်ချုပ်ရေး အဆောက်အအုံကို ပြုပြင်ပြောင်းလဲလိုကြသည်။ အထူးသဖြင့် ဥပဒေပြုအဖွဲ့ (ပါလီမန်) ကို ဖြစ်သည်။ နိုင်ငံရေးအရ အခွင့်ထူးခံ လူတန်းစားသက်သက် ပါဝင်သည့် အုပ်ချုပ်ရေးထက် လူတိုင်း ပါဝင်နိုင်သည့် နိုင်ငံရေးကို ပြုပြင်ပြောင်းလဲလိုကြသည်။ ပါလီမန် ဆိုသည့် သဘောတရားသည် နှစ်ပေါင်းများစွာ တည်မြဲလာခဲ့ပြီး ဖြစ်သည်။ သို့သော် ထိုပါလီမန်သည် ပြည်သူတွေကို ကိုယ်စားပြုသည့် ပါလီမန်မျိုး မဟုတ်။ အထက်တန်းလွှာ မင်းမျိုးမင်းနွယ်တို့သာ ပါဝင်သည့် ပါလီမန် ဖြစ်နေသည်။ ဘူဇွာတို့သည် ပါလီမန်တွင် မိမိတို့ လူတန်းစား ကိုယ်စားပြုသူများ ပါဝင်ခွင့် ရပြီး မင်းမျိုးမင်းနွယ်တို့နှင့်အပြိုင် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးကို ကိုင်တွယ်စီမံပြီး နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ပြချင်ကြသည်။ စီးပွားရေးနှင့် နိုင်ငံရေး စိတ်ပါဝင်စားသောသူများက မင်းမျိုး


mgyoe.com

mgyoe.com
SAMPLE BOOK

မင်းနွယ်တို့၏ အာဏာနှင့် လုပ်ပိုင်ခွင့်များကို လျှော့ချနိုင်ရေး ကြိုးပမ်းမှုသည် သိသာသော လှုပ်ရှားမှုများ ဖြစ်လာသည်။

မင်းမျိုးမင်းနွယ်တို့၏ အာဏာကို လျှော့ချရေး ဆိုသည်မှာ ပြည်သူတို့ နိုင်ငံရေးတွင် စိတ်ပါဝင်စားပြီး လွတ်လပ်ခွင့် ရရှိမှသာ ဖြစ်နိုင်ပေလိမ့်မည်။ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့် တို့ ရှိပြီး ဖမ်းချင်တိုင်း ဖမ်း၊ နှိပ်စက်ချင်တိုင်း နှိပ်စက်သည့်ဘေးမှ ကင်းဝေးရပါ လိမ့်မည်။ ထိုလှုပ်ရှားမှုကို ဘူဇွာတို့ ဦးဆောင်လာသဖြင့် ဘူဇွာတို့အား ဒီမို ကရေစီကို သဘောကျ နှစ်သက်သူများ ဟူ၍ မှတ်ယူခြင်း မပြုစေလိုပါ။ သူတို့က ရွေးကောက် တင်မြှောက်သည့် စနစ်ကို ထောက်ခံပြီး ပြည်သူတွေ ရွေးကောက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်ရေးကို ဖော်ဆောင် နိုင်ရေးအတွက်သာ လှုပ်ရှားနေကြခြင်း ဖြစ်သည်။ ချမ်းသာသူများ ဖြစ်နေ သဖြင့် မိမိတို့ အကျိုးစီးပွားကို ထိခိုက်နိုင်စေမည့်သူများ အုပ်ချုပ်ရေးတွင် ပါဝင်လာမည်ကိုတော့ စိုးရိမ်ကြသည်။ ထို့ကြောင့် လူလတ်တန်းစားတို့ဖြင့် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးကို စိမ့်ဖန်တီးခွင့်ကိုသာ သူတို့ ဖော်ဆောင်ခဲ့ကြသည်။

*Ref: We the People, An Introduction to American Politics, by Benjamin Ginsberg*


mgyoe.com

mgyoe.com SAMPLE BOOK

# ဗျူရိုကရေစီ

စီပံခန့်ခွဲရေး
တာဝန်များကို
ယူထားရသူများ
ဖြစ်သဖြင့်
အမှားအမှန်ကို
ဝေဖန်သုံးသပ်နိုင်စွမ်းနှင့်
ပြည်သူတို့ အကျိုးစီးပွားအတွက်
သိက္ခာရှိရှိ တရားမျှတစွာ ဆောင်ရွက်ပေးရန်
လိုပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ဗြူရိုကရေစီ

တိုင်းပြည်အတွင်းရှိ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုများကို အစိုးရဌာနများရှိ ဝန်ထမ်းများက ဆောင်ရွက်ပေးကြရသည်။ ထိုဝန်ထမ်းများကို အုပ်ချုပ်ရန်အတွက် အုပ်ချုပ်မှု ယန္တရားကို ဗြူရိုကရေစီ *(Bureaucracy)* ဟု ခေါ်ပါသည်။ အုပ်ချုပ်မှု ယန္တရား ဆိုသည်မှာ ဝန်ထမ်းများကို အုပ်ချုပ်ရသည့် နည်းလမ်းကို ခေါ်ဆိုပါသည်။

အုပ်ချုပ်မှု ယန္တရားတွင် -

- အလုပ်ခွဲခြား လုပ်ကိုင်ခြင်း *(division of labour)*၊
- ရာထူးအဆင့်ဆင့် ခွဲခြားထားရှိခြင်း *(hierarchy)*၊
- မှတ်တမ်းမှတ်ရာများ ထားပြီး လုပ်ငန်းများ လုပ်ဆောင်ခြင်း *(written document)*၊
- လေ့ကျင့်သင်တန်းပေးထားသည့် ကျွမ်းကျင်ဝန်ထမ်း *(staff of trained experts)* များကို ပျိုးထောင်ခြင်း၊
- လုပ်ငန်းများကို စွမ်းအားပြည့် ဆောင်ရွက်ခြင်း *(full working capacity of the official)*၊
- ဌာနအတွင်း လိုက်နာရမည့် စည်းကမ်းများ ချမှတ်လိုက်နာစေခြင်း *(presence of rule)*

စသည့် အချင်းလက္ခဏာများနှင့် ပြည့်စုံနေရပါလိမ့်မည်။

ပြည်သူ့ရေးရာ စီမံအုပ်ချုပ်မှုကို အစိုးရဌာနများက တာဝန်ယူထားရသည်။ စီမံအုပ်ချုပ်မှုအတွက် အစီအစဉ်များ ရေးဆွဲရခြင်း၊ လူအများကို စည်းရုံးရခြင်း၊ ဝန်ထမ်းများ ခန့်ထားခြင်း၊ ညွှန်ကြားချက်များ ပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊

mgyoe.com

mgyoe.com
SAMPLE BOOK

လုပ်ငန်းအစီအစဉ်များ တင်ပြရခြင်း၊ ဘဏ္ဍာရေး စိစစ်ခြင်း စသည့် လုပ်ငန်းများ ပါဝင်သည်။ ထိုလုပ်ငန်းများကို အမှုဆောင်အရာရှိများအဆင့်၊ စီမံခန့်ခွဲမှုအဆင့်၊ ကြီးကြပ်သည့်အဆင့်၊ ရုံးဝန်ထမ်း စသည်ဖြင့် ရာထူးအဆင့် အမျိုးမျိုး ခွဲခြားပြီး ထမ်းဆောင်စေသည်။ အစိုးရလုပ်ငန်းများကို တာဝန်ယူပြီး ဥပဒေဘောင်အတွင်းမှ တရား မျှတစွာနှင့် ထိရောက်စွာ ဆောင်ရွက်ပေးနေသူများကို ဗြူရိုက်ကရက်များဟု ခေါ်သည်။

ဗြူရိုကရက်များသည် အစိုးရဝန်ထမ်းများ၏ကျင့်ဝတ်ကို လိုက်နာရသည်။ ကျင့်ဝတ် ဆိုသည်မှာ အကျင့်သိက္ခာ၊ အပြုအမူတို့နှင့် ဆိုင်သည်။ အကျင့်သိက္ခာအနေဖြင့် ရိုးသားမှုရှိပြီး အပြုအမူအားဖြင့် အများလေးစားထိုက်သည့် အပြုအမူမျိုးရှိရန် လိုပါသည်။ စီမံခန့်ခွဲရေးတာဝန်များကို ယူထားရသူများဖြစ်သဖြင့် အမှားအမှန်ကို ဝေဖန်သုံးသပ်နိုင်စွမ်းနှင့် ပြည်သူတို့ အကျိုးစီးပွားအတွက် သိက္ခာရှိရှိ တရားမျှတစွာ ဆောင်ရွက်ပေးရန် လိုပါသည်။

ပြည်သူ့ဝန်ထမ်းများအနေဖြင့် လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို ချမှတ်ပေးထားပါသည်။ ထိုကျင့်ဝတ်စည်းကမ်းများကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အရေးကြီးပါသည်။

ဝန်ထမ်းများ လိုက်နာရမည့် အခြေခံစည်းကမ်း ကျင့်ဝတ်များမှာ -

၁။ ပြည်သူတို့၏အကျိုးကို ရှေးရှုဆောင်ရွက်ခြင်း၊

၂။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် တရားဥပဒေတို့ကို လေးစားလိုက်နာခြင်း၊

၃။ နမူနာ စံပြဖြစ်အောင် သိက္ခာရှိစွာ နေထိုင်ခြင်း၊

၄။ မိမိလုပ်ငန်း တာဝန်ကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

နိုင်ငံတော်မှ ခန့်အပ်သည့် ပြည်သူ့ဝန်ထမ်းများသည် မိမိတို့အား ခန့်အပ်သည့် အုပ်ချုပ်ရေး ယန္တရားအတွင်းမှ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းဘောင်အတွင်းမှ ပြုမူကျင့်ကြံ နေထိုင် လုပ်ကိုင် ဆောင်ရွက်ကြရပါသည်။

ပြည်သူ့ဝန်ထမ်းများ လိုက်နာရန်အတွက် ချမှတ်ထားသည့် တည်ဆဲစည်းမျဉ်းစည်းကမ်း ဥပဒေများမှာ -


mgyoe.com

mgyoe.com SAMPLE BOOK

၁။ ဝန်ထမ်းကျင့်ဝတ် နည်းဥပဒေ *(Government Servants' Conduct Rules)*၊

၂။ စည်းကမ်း ထိန်းသိမ်းရေးနှင့် အယူခံ နည်းဥပဒေ *(Discipline and Appeal Rules)*၊

၃။ ၁၉၄၀ ပြည့်နှစ်၊ ဂျီ ဆာကျူလာ အမှတ်-၁၅၊

၄။ မူလအခြေခံ နည်းဥပဒေနှင့် နောက်ဆက်တွဲ နည်းဥပဒေ *(Fundamental Rules and Supplementary Rules)*၊

၅။ မြို့ပြ ဝန်ထမ်းစည်းမျဉ်း ဥပဒေ *(Civil Service Regulation)*၊

၆။ ဝန်ထမ်းစည်းကမ်း ထိန်းသိမ်းရေး လက်စွဲတို့ ဖြစ်သည်။

ဝန်ထမ်းဖြစ်လျှင် အောက်ပါ ကျင့်ဝတ်နှင့် စည်းကမ်းများကို စောင့်ထိန်းလိုက်နာကြရသည်။

၁။ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်၊

၂။ အခြေခံဥပဒေနှင့် တရားဥပဒေများကို လေးစားလိုက်နာရမည်၊

၃။ ပြည်သူတို့၏ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ရမည်၊

၄။ ပြည်သူပိုင်ပစ္စည်းများနှင့် ပြည်သူ့ဘဏ္ဍာငွေကို ယိုဖိတ်ဆုံးရှုံးမှု မရှိစေရန် ထိန်းသိမ်း စောင့်ရှောက်ရမည်၊

၅။ တာဝန်နှင့် ဝတ္တရားများကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ရမည်၊

၆။ ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ရမည့်အပြင် လုပ်ငန်း ကျွမ်းကျင်မှုအဆင့် မြင့်မားစေရန်နှင့် အရည်အချင်း တိုးတက်နေစေရန် အစဉ်ကြိုးစားရမည်၊

၇။ အလုပ်ခွင်စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်၊

၈။ အကျင့်စာရိတ္တ ပျက်ပြားခြင်း၊ သိက္ခာကင်းမဲ့စွာ ပြုမူနေထိုင်ခြင်းတို့ကို ရှောင်ကြဉ်ရမည်၊

၉။ တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာခြင်း၊ တံစိုးလက်ဆောင်ယူခြင်းတို့ကို ရှောင်ကြဉ်ရမည်၊

၁၀။ တရားသဖြင့် ရရှိအပ်သော ဝင်ငွေမှတစ်ပါး မရိုးသားသောနည်းဖြင့် အခြားဝင်ငွေ ရှာခြင်းကို ရှောင်ကြဉ်ရမည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ဝန်ထမ်းကျင့်ဝတ်၊ ဝန်ထမ်းစည်းကမ်းတို့နှင့် ပတ်သက်သည့် အောက်ပါ ဝန်ထမ်းဆိုင်ရာ ပြစ်မှုတစ်ခုခုအတွက် ဝန်ထမ်းကို ဌာနဆိုင်ရာ အရေးယူ အပြစ်ပေးနိုင်သည်။

(က) ရာထူးခန့်ထားခံရမှုအတွက် အရေးပါသော ကိုယ်ရေးအကြောင်း အရာများကို လိမ်လည် တင်ပြခဲ့ခြင်း သို့မဟုတ် ထိမ်ချန်ထားခြင်း သို့မဟုတ် မရိုးသားမှု တစ်ခုခုကို ပြုလုပ်ခဲ့ခြင်း၊

(ခ) တာဝန်ထမ်းဆောင်ရာ၌ ရိုးသားဖြောင့်မတ်မှု မရှိခြင်း သို့မဟုတ် လိမ်လည်ခြင်း သို့မဟုတ် လိမ်လည်ရန် အားထုတ်ခြင်း သို့မဟုတ် လိမ်လည်ရန် အားပေးကူညီခြင်း၊

(ဂ) အခြားဝန်ထမ်း တစ်ဦးဦးကို ထိခိုက်နစ်နာစေရန် မဟုတ်မမှန် စွပ်စွဲ တိုင်ကြားခြင်း၊

(ဃ) အလုပ်ခွင် ငြိမ်းချမ်းသာယာမှုကို ဖြစ်စေ၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကို ဖြစ်စေ ပျက်ပြားစေရန် လှုံ့ဆော်ခြင်း သို့မဟုတ် ပြုလုပ်ခြင်း သို့မဟုတ် လိမ်လည်ရန် အားပေးကူညီခြင်း၊

(င) အလုပ်ခွင်တွင် ခိုက်ရန်ဖြစ်ပွားခြင်း သို့မဟုတ် တစ်စုံတစ်ဦးကို ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း သို့မဟုတ် ရှုန့်ရင်းဆန်ခတ် ဖြစ်စေခြင်း၊

(စ) အလုပ်ခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ စည်းကမ်းများကို ဖောက်ဖျက်ခြင်း၊

(ဆ) အလုပ်ခွင်တွင် လောင်းကစားခြင်း သို့မဟုတ် မူးယစ် သောက် စားခြင်း၊

(ဇ) မူးယစ်ဆေးဝါး သုံးစွဲလေ့ရှိခြင်း၊

(ဈ) အလုပ်ဌာနအလိုက် သတ်မှတ်ထားသည့် အလုပ်ခွင် စည်းကမ်းများ ကို ဖောက်ဖျက်ခြင်း၊

(ည) တာဝန်အရ အထက်အကြီးအကဲက ပေးသည့်အမိန့်ကို ဖီဆန်ခြင်း၊

(ဋ) တာဝန်ထမ်းဆောင်ရာတွင် ရိုင်းပျစွာ ပြောဆိုဆက်ဆံလေ့ရှိခြင်း၊

(ဌ) အကျင့်ပျက်ပြားခြင်း သို့မဟုတ် သိက္ခာကင်းမဲ့စွာ ပြုမူနေထိုင်ခြင်း၊

(ဍ) တာဝန်အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့် ရာထူးဩဇာ အရှိန် အဝါကို သုံး၍ ကိုယ်ကျိုးရှာခြင်း သို့မဟုတ် တာဝန်နှင့် ဆက်စပ် သော စီးပွားရေးလုပ်ငန်း တစ်ခုခုတွင် ရင်းနှီးမြှုပ်နှံခြင်း၊


mgyoe.com

mgyoe.com
SAMPLE BOOK

(ဎ) တံစိုးလက်ဆောင် ပေးခြင်း သို့မဟုတ် တံစိုးလက်ဆောင် ယူခြင်း၊

(ဏ) ယုံကြည်အပ်နှံထားသည့် လုပ်ငန်းပိုင်ငွေကို ဆုံးရှုံးမှု မရှိစေရေး အတွက် ထိန်းသိမ်းစောင့်ရှောက်ရန် ပျက်ကွက်ခြင်း

(တ) လုပ်ငန်းသုံး ပစ္စည်း ကိရိယာကို တမင်သက်သက် ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီး ဆုံးရှုံးစေခြင်း၊

(ထ) လုပ်ငန်းနှင့် ပတ်သက်သည့်ငွေ သို့မဟုတ် ပစ္စည်းကို ခိုးယူခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း၊ ထိုသို့ပြုလုပ်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေး ကူညီခြင်း၊

(ဒ) နိုင်ငံတော်ကို အကြည်အညို ပျက်စေမည့် စာအုပ်စာတမ်း ရေးသား ခြင်း သို့မဟုတ် ဖြန့်ဝေခြင်း၊

(ဓ) လုံခြုံရေး အဆင့်အတန်း သတ်မှတ်ထားသည့် ဌာနဆိုင်ရာ စာရွက် စာတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်ပျက်ကွက်ခြင်း သို့မဟုတ် လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်များကို မသက်ဆိုင်သူများအား အသိ ပေးခြင်း၊

(န) နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသည့် လှုပ်ရှား မှု တစ်ခုခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေး ကူညီခြင်း၊

(ပ) ဝန်ထမ်းအဖွဲ့အစည်း၊ ဝန်ထမ်းအမျိုးအစားအလိုက် စောင့်ထိန်း လိုက်နာရန် သတ်မှတ်ထားသည့် အခြားကျင့်ဝတ်နှင့် စည်းကမ်း များကို ဖောက်ဖျက်ခြင်း။

ဝန်ထမ်းသည် အထက်ဖော်ပြပါ ပြစ်မှုတစ်ခုခုနှင့် ပတ်သက်ပြီး အပြစ် ထင်ရှား၍ ဌာနဆိုင်ရာ အရေးယူ အပြစ်ပေးရာ၌ ပြစ်မှု၏သဘာဝနှင့် ဝန်ထမ်း ၏ ကျူးလွန်မှု သို့မဟုတ် ပျက်ကွက်မှုတို့ကို ထောက်ရှုပြီး အောက်ပါ ဝန်ထမ်း ဆိုင်ရာ ပြစ်ဒဏ်များအနက်မှ ထိုက်သင့်ရာ ပြစ်ဒဏ်ကို ချမှတ်နိုင်ပေသည်။

(က) သတိပေးခြင်း၊

(ခ) နှစ်တိုး လစာ ရပ်ဆိုင်းခြင်း၊

(ဂ) ရာထူး တိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊

(ဃ) လစာနှုန်းအတွင်း လစာ လျှော့ချခြင်း၊

mgyoe.com

mgyoe.com
SAMPLE BOOK

(င) ရာထူးအဆင့် လျှော့ချခြင်း၊

(စ) လစာမှ ပေးလျော်စေခြင်း၊

(ဆ) တာဝန်မှ ယာယီ ရပ်ဆိုင်းခဲ့သည့် ကာလအတွက် လစာအပြည့် ခံစားခွင့် မပြုခြင်း သို့မဟုတ် ထိုကာလကို တာဝန်ချိန်အဖြစ် မသတ်မှတ်ခြင်း၊

(ဇ) ရာထူးမှ ရပ်စဲခြင်း၊

(ဈ) ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်းတို့ ဖြစ်သည်။

ဝန်ထမ်း ဆိုသည်မှာ ပြည်သူ့ရေးရာ စီမံခန့်ခွဲရသူများဖြစ်ပြီး ခေါင်းဆောင်များအဖြစ်လည်းကောင်း၊ အုပ်ချုပ်သူများအဖြစ်လည်းကောင်း၊ အကောင်အထည် ဖော်သူများအဖြစ်လည်းကောင်း၊ နည်းပြများအဖြစ်လည်းကောင်း၊ ကြားဝင်ဖျန်ဖြေသူများအဖြစ်လည်းကောင်း သတ်မှတ်ထားကြသည်။

ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု *(public management)* ဆောင်ရွက်သူများဖြစ်သောကြောင့်လည်း မိမိတို့လုပ်ငန်းများကို အောက်ပါ နည်းလမ်းငါးသွယ်ဖြင့် ဆောင်ရွက်ကြရပါသည်။

၁။ မိမိလုပ်ငန်းကို တန်ဖိုးထားပြီး အလေးအနက် ဆောင်ရွက်ခြင်း၊

၂။ ပြည်သူများအတွက် ဆောင်ရွက်ပေးရမည်ဟု ခံယူချက်ဖြင့် ဆောင်ရွက်ခြင်း၊

၃။ လုပ်ပိုင်ခွင့်အာဏာနှင့် ခေါင်းဆောင်မှုကို ခွဲဝေဆောင်ရွက်ခြင်း၊

၄။ အမှန်တကယ် အကျိုးဖြစ်ထွန်းနေရမည် ဟူသော စိတ်ဓာတ်ဖြင့် ဆောင်ရွက်ခြင်း၊

၅။ ပြည်သူများအတွက် စိတ်ရောကိုယ်ပါ အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

အစိုးရဝန်ထမ်းများသည် စည်းမျဉ်းစည်းကမ်းများ၊ နည်းဥပဒေများကို လိုက်နာရန် တာဝန်ရှိပါသည်။ စည်းမျဉ်း၊ စည်းကမ်း၊ နည်းဥပဒေ၊ အခွင့်အရေးနှင့် တာဝန်၊ လုပ်ထုံးလုပ်နည်းများ ဆိုသည်မှာ ဝန်ထမ်းများ လိုက်နာရန်အတွက် အစိုးရမှ ထုတ်ပြန်ထားသည့် အမိန့် ဖြစ်သည်။ စီမံအုပ်ချုပ်ရေး အောင်မြင်မှုသည် စည်းမျဉ်း၊ စည်းကမ်းနှင့် ဥပဒေများကို လိုက်နာနိုင်မှုအပေါ်တွင် မူတည်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

## ပြည်သူ့ရေးရာ စီမံအုပ်ချုပ်ခြင်း

အစိုးရဌာနများတွင် အလုပ် လုပ်ကိုင်နေကြသော ဝန်ထမ်းများ (ဗြူရိုကရက်များ) ၏ ရုံးလုပ်ငန်းများအား စီမံအုပ်ချုပ်ခြင်းကို ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု *(Public Administration)* ဟု ခေါ်ပါသည်။

ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု၏ အဓိကကျသော လုပ်ငန်းနှစ်ရပ်မှာ -

၁။ အစိုးရဌာနများ၏ လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် အခြား ပုဂ္ဂလိက စီးပွားရေး လုပ်ဆောင်ချက်များကို မူဝါဒ *(policy)* များ ချမှတ် အကောင်အထည်ဖော်စေခြင်း၊

၂။ ထိုလုပ်ငန်းများကို နားလည်သဘောပေါက်လာစေရန်၊ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဝေဖန် သုံးသပ်နိုင်ရန် လေ့ကျင့်ပညာပေးရခြင်းတို့ ဖြစ်သည်။

ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုသည် အစိုးရ တစ်ခုတည်းနှင့်သာ သက်ဆိုင်သည့် လုပ်ငန်းမဟုတ်ပေ။ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းရပ်လည်း ဖြစ်သည်။ ခေတ်သစ်တွင် ဈေးကွက်စီးပွားရေးကို ကျင့်သုံးပြီး အစိုးရသည် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် တာဝန်ခွဲဝေ သတ်မှတ်ပြီး ကိုယ့်တာသူ့တာ ပိုင်းခြားသတ်မှတ် လုပ်ဆောင်လာကြသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းရပ်များသည် ကျယ်ပြန့်လှသဖြင့် အစိုးရတို့သည် ပုဂ္ဂလိကနှင့် တွဲဖက် လုပ်ဆောင်လာကြရသည်။

ထိုသို့ လုပ်ဆောင်ပေးရာတွင် အစိုးရသည် ပြည်သူများ လိုအပ်သည့် ဝန်ဆောင်မှုများကို အစိုးရဝန်ထမ်းများအနေဖြင့် တိုက်ရိုက် ဖြည့်ဆည်းပေးခြင်း (ဥပမာ သယ်ယူပို့ဆောင်ရေး၊ စာပို့လုပ်ငန်း၊ ရေ၊ လျှပ်စစ်မီး ရရှိရေး လုပ်ငန်းများ) ကို တိုက်ရိုက်လုပ်ဆောင်ပေးခြင်းဟု ခေါ်ဆိုသည်။ အကယ်၍ ပြည်သူတို့ လိုအပ်သည့် ဝန်ဆောင်မှု လုပ်ငန်းများကို ပုဂ္ဂလိက ကဏ္ဍများနှင့် သဘောတူစာချုပ်များ ချုပ်ဆိုစေကာ လုပ်ဆောင်ပေးခြင်းကို သွယ်ဝိုက် လုပ်ဆောင်ပေးခြင်းဟု ခေါ်ပါသည်။

## မူဝါဒ *(Policy)*

မူဝါဒ ဆိုသည်မှာ ရည်မှန်းချက်များ ချမှတ်ပြီး ထိုရည်မှန်းချက်အတိုင်း ပြည့်ဝစေရန် မည်သို့ ဆောင်ရွက်မည် ဆိုသည့် နည်းလမ်း ရှာဖွေ ဆောင်ရွက်ခြင်းကို ခေါ်ဆိုပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

မူဝါဒသည် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ရသည်။ မူဝါဒ ဆိုသည်မှာ ကျိုးကြောင်းဆီလျော်ပြီး စနစ်ကျနမှုရှိရန် လိုသည်။ မူဝါဒ ချမှတ်ရာတွင် လုပ်ငန်းစဉ်များအနေဖြင့် -

- ပြဿနာ၏ သဘောသဘာဝနှင့် ရင်းမြစ်ကို လေ့လာခြင်း၊
- ပြဿနာအတိမ်အနက်ကို လေ့လာပြီးနောက် အစိုးရအနေဖြင့် ပါဝင်ဆောင်ရွက်ပေးရန် လို မလိုကို ဆုံးဖြတ်ခြင်းတို့ လုပ်ဆောင်ရမည်။

အစိုးရသည် ပါဝင်ဆောင်ရွက်ရန် လိုသည် ဆိုလျှင် မူဝါဒ ရေးဆွဲပြီးမှသာလျှင် ဆောင်ရွက်ရသည်။ ရေးဆွဲရာတွင်လည်း နည်းလမ်းတစ်ခုသာမက အခြားနည်းလမ်းတစ်ခုကိုပါ ရေးဆွဲပြီး လေ့လာသုံးသပ်ထားရန်လိုသည်။ မူဝါဒချမှတ်လုပ်ဆောင်တိုင်း အောင်မြင်တတ်သည်တော့ မဟုတ်ပေ။ မအောင်မြင်ရသည့် အကြောင်းတရားများကို ပြန်လည် သုံးသပ်ကြည့်လျှင် -

- ဆုံးဖြတ်ချက် ချမှတ်သူ များပြားလွန်းနေခြင်း၊
- တစ်ဦးနှင့်တစ်ဦး သဘောတူညီမှု မရနိုင်ခြင်း၊
- လုပ်ငန်းများ၏ အကျိုးဆက်များကို မှန်ကန်စွာ မခန့်မှန်းနိုင်ခြင်း၊
- လုပ်ငန်းများကို ကောင်းမွန်စွာ အကောင်အထည် မဖော်နိုင်ခြင်းတို့ကြောင့် ဖြစ်ကြောင်း တွေ့ရသည်။

မူဝါဒကို တစ်မျိုးတည်း သတ်မှတ် မလုပ်ဆောင်သင့်ပေ။ နိုင်ငံရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ လူမှုရေး စသည့်လုပ်ငန်းရပ်များနှင့် ကွန်ရက်သဖွယ် ပေါင်းစပ်ပြီးမှ ဦးဆောင်မှုပေးရန် လိုပါသည်။ ဦးဆောင်မှု ပေးသူသည် လုပ်ပိုင်ခွင့်ကို ခွဲဝေယူပြီး အာဏာကို သက်ဆိုင်ရာအလိုက် ခွဲဝေပေးထားရန်လည်း လိုသည်။

ပြည်သူ့ရေးရာကို စီမံဆောင်ရွက်ရသူ မြူနီစီပယ်ကရက်များအနေဖြင့် မိမိတို့လုပ်ငန်းများကို နည်းလမ်း ငါးသွယ်ဖြင့် ဆောင်ရွက်နိုင်မှသာ အောင်မြင်နိုင်ပေလိမ့်မည်။ ထိုနည်းလမ်း ငါးသွယ်မှာ -

၁။ မိမိလုပ်ငန်းကို တန်ဖိုးထားပြီး အလေးအနက် ဆောင်ရွက်ခြင်း၊

၂။ ပြည်သူများအတွက် ဆောင်ရွက်ပေးရမည် ဟူသော ခံယူချက်ဖြင့် ဆောင်ရွက်ခြင်း၊

၃။ လုပ်ပိုင်ခွင့်အာဏာနှင့် ခေါင်းဆောင်မှုကို ခွဲဝေဆောင်ရွက်ခြင်း၊


mgyoe.com

mgyoe.com
SAMPLE BOOK

၄။ အမှန်တကယ် အကျိုးဖြစ်ထွန်းတိုးတက်နေရမည်ဟူသော စိတ်ဓာတ်ဖြင့် ဆောင်ရွက်ခြင်း၊

၅။ ပြည်သူများအတွက် ပြည်သူ့ရေးရာလုပ်ငန်းများကို လုပ်ကိုင်ရာတွင် စိတ်ရောကိုယ်ပါ အားသွန်ခွန်စိုက် လုပ်ကိုင် ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

## ရည်ညွှန်း

၁။ ပြည်သူ့အုပ်ချုပ်ရေးပညာစာစောင် (၁၉၆၀ ပြည့်နှစ်၊ ဇွန်လ)

၂။ ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာ ကောက်နုတ်ချက်စာစောင် (၁၉၈၄ ခုနှစ်၊ ဇူလိုင် ၁ ရက်နေ့)

၃။ *We The People, An Introduction to American Politics by Benjamin Ginsberg, Theodore J. Lowi, Margaret Weir.*


mgyoe.com

mgyoe.com SAMPLE BOOK

# အစိုးရကောင်း ဆိုသည်မှာ

အစိုးရကောင်းတို့သည်
ပြည်သူကို
ကတိပေးရသည်။
ကတိပေးသည့်
အတိုင်းလည်း
သတ်မှတ်ထားသည့်
အချိန်အတွင်း လုပ်ဆောင်
ပေးရသည်။ အစိုးရသက်တမ်းသည်
ကာလအတိုင်းအတာတစ်ခုအတွင်းသာဖြစ်သဖြင့်
မိမိတို့ အုပ်ချုပ်နေသည့် ကာလအတွင်း
အကောင်းဆုံး စွမ်းဆောင်ပြနိုင်ရန် လိုပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# အစိုးရကောင်း ဆိုသည်မှာ

နိုင်ငံတစ်နိုင်ငံတွင် အုပ်ချုပ်ရေးကို ဖော်ဆောင်ကြရာ၌ ဒီမိုကရေစီရေးထက် 'အစိုးရကောင်းရေး'၊ 'အုပ်ချုပ်မှုကောင်းရေး' *Governance* ကို ပိုပြီး အရေးဆိုလာကြကြောင်း တွေ့ရသည်။ ယင်းကိုပင် *Good Governance* အသွင်ဖြင့် ဖော်ဆောင်လာကြသည်။ အစိုးရကောင်း ဆိုသည်ကို ကျယ်လောင်စွာ အော်လာရခြင်းသည် အစိုးရ မကောင်းမှုများ ရှိခဲ့သောကြောင့်လည်းကောင်း၊ အစိုးရ မကောင်းမည်ကို စိုးရိမ်သောက ကြီးမားသောကြောင့်လည်းကောင်း ပြောဆိုနေကြရခြင်း ဖြစ်သည်။ ပြည်သူတို့သည် မိမိတို့အပေါ်တွင် ကောင်းကျိုးတရားများ ဖော်ဆောင်ပေးမှု နည်းလာသည့် အစိုးရကို မကောင်းမြင်လာတတ်ပါသည်။ နိုင်ငံတကာ ကူညီထောက်ပံ့မှုများကို ပေးနေသော အဖွဲ့အစည်းများကလည်း အစိုးရကောင်းများကိုသာ ကူညီထောက်ပံ့ခြင်း၊ ချေးငွေများ ချေးငှားခြင်းတို့ကို ပြုလုပ်လိုကြသည့်သဘော ရှိသည်။

အစိုးရကောင်းကို မျှော်ကိုးတတ်ခြင်းသည် လူ့ယဉ်ကျေးမှုသမိုင်းနှင့်ယှဉ်ပြီး ဖြစ်ထွန်းလာခဲ့သည်။ *Governance* ၏ အဓိပ္ပာယ်မှာ 'တိုင်းပြည်တစ်ပြည်တွင် ဆုံးဖြတ်ချက်ပေးနိုင်သူတို့၏ အုပ်ချုပ်ရေး လုပ်ငန်းစဉ်တစ်ခု' ဟူ၍ ဖွင့်ဆိုပြီး တိုင်းပြည်ကောင်းအောင် လုပ်ဆောင်နိုင်ခြင်း၊ မလုပ်ဆောင်နိုင်ခြင်းကတော့ တစ်ပိုင်း ဖြစ်သည်။ အုပ်ချုပ်ရေးလုပ်ငန်းစဉ် ဆိုရာတွင် ပူးပေါင်းအုပ်ချုပ်ခြင်း၊ ဒေသဆိုင်ရာအလိုက် ဖွဲ့စည်းအုပ်ချုပ်ခြင်း၊ အမျိုးသား နိုင်ငံတော်အနေဖြင့် အုပ်ချုပ်ခြင်း၊ နိုင်ငံတကာဖြင့် အုပ်ချုပ်ခြင်း ဟူ၍ အမျိုးမျိုးရှိနိုင်သည်။

တိုင်းပြည်အုပ်ချုပ်ခြင်းကို ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသူများဖြင့် အုပ်ချုပ်ကြရသဖြင့် ထိုဆုံးဖြတ်ပိုင်ခွင့် ရှိသူများမှာ ပြည်သူ တင်မြှောက်ထားသည့် အစိုးရ



mgyoe.com

mgyoe.com
SAMPLE BOOK

ဖြစ်နိုင်သကဲ့သို့ ပြည်သူက မတင်မြှောက်ဘဲ တက်လာသည့် အစိုးရလည်း ဖြစ်နိုင်ပါသည်။

အစိုးရ *(Government)* ဆိုသည်မှာ 'နိုင်ငံ သို့မဟုတ် ပြည်နယ်ဒေသ တစ်ခုကို အုပ်စိုးသော လူတစ်စု' ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ခေတ်သစ်တွင် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေဖြင့် အုပ်ချုပ်ရသော အစိုးရများ ခေတ်စားလာသည်။ အစိုးရပုံစံ အမျိုးမျိုး ရှိနိုင်ပါသည်။ ဒီမိုကရေစီ အစိုးရ၊ အော်တိုကရေစီဟု ခေါ်သည့် သက်ဦးဆံပိုင်ဘုရင်စနစ်မျိုးဖြင့် အုပ်ချုပ်သည့် အစိုးရ၊ အာဏာရှင်ဆန်ဆန် အုပ်ချုပ်သည့် အစိုးရ ဟူ၍ ကွဲပြားပါသည်။

မြို့ပြလူနေမှုစနစ်တွင် မြို့ပြအစိုးရသည် အခြားဆက်နွယ်မှုများစွာဖြင့် အုပ်ချုပ်ရေးကို အကောင်အထည်ဖော်ကြရသည်။ မီဒီယာများ၊ နိုင်ငံရေးသမားများ၊ နိုင်ငံတကာ အလှူရှင်များ၊ နိုင်ငံတကာ ပူးပေါင်း အဖွဲ့အစည်းများဖြင့် ပေါင်းစပ်ကာ ဆုံးဖြတ်ချက်ချခြင်းတို့ကို ပြုလုပ်ကြရသည်။

အထူးသဖြင့် နိုင်ငံတစ်နိုင်ငံ အုပ်ချုပ်ခွင့်ရသည့် အစိုးရတို့သည် စစ်တပ်အဖွဲ့အစည်းနှင့် ပေါင်းစည်းပြီး နိုင်ငံတော်ကို ထူထောင်ကြရသည်။ စစ်တပ်အားနည်းသည့် နိုင်ငံများတွင် လက်နက်ကိုင် အဖွဲ့အစည်း တစ်ခုခု၏ အထောက်အကူဖြင့်သာ ရပ်တည်ပြီး တိုင်းပြည်ကို အုပ်ချုပ်ရသည့် အစဉ်အလာများ ရှိသည်။

တရားဝင် အစိုးရ တစ်ရပ်သည် နိုင်ငံတော်အတွက် အရေးကြီးသည့် ဆုံးဖြတ်ချက်များကို အစိုးရ အဖွဲ့ဝင်များဖြင့် ဆုံးဖြတ်လေ့ရှိသည်။ သို့သော် ကန့်လန့်ကာ နောက်ကွယ်မှ တတ်သိပညာရှင်အုပ်စုကတော့ ရှိကောင်း ရှိနိုင်သည်။ စစ်တပ် အားနည်းသည့် တိုင်းပြည်များတွင် တိုင်းပြည် အုပ်ချုပ်ရေးနှင့် ဆုံးဖြတ်ပိုင်ခွင့်များကို မာဖီးယားကဲ့သို့သော ဂိုဏ်းအဖွဲ့အစည်းများက ဝင်ရောက် စွက်ဖက်တတ်သည်။ အချို့သော တိုင်းပြည်များတွင် ပဒေသရာဇ်အကြွင်းအကျန်များ၊ ငွေကြေးချမ်းသာပြီး အစဉ်အလာ ဩဇာကြီးမားသည့် မိသားစုများက အုပ်ချုပ်ရေးကို ဝင်စွက်ဖက်တတ်သည်။ တိုင်းပြည်တစ်ပြည်တွင် တရားမဝင် စွက်ဖက်တတ်သည့် အဖွဲ့အစည်းများက အင်အားတောင့်တင်းလျှင် အကျင့်ပျက် ခြစားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများ ဖြစ်တတ်သည်။

အစိုးရကောင်းတို့မည်သည် အင်္ဂါ ရှစ်ချက်၊ ထောင့် ရှစ်ထောင့်နှင့် ညီရသည်။ အစိုးရ ကောင်း မကောင်း ထိုစံ ရှစ်ချက်ဖြင့်သာ တိုင်းတာ စစ်ဆေးရမည် ဖြစ်သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

၁။ အစိုးရတစ်ရပ်သည် ပြည်သူနှင့် တစ်သားတည်းဖြင့် အုပ်ချုပ်ရေးကို ပြည်သူအား ပူးပေါင်းပါဝင်ခွင့် ပေးသူများ ဖြစ်ရန် လိုသည်။

၂။ အစိုးရတစ်ရပ်သည် အများဆန္ဒ၊ အများသဘောထားကို လေးစားကာ လိုက်နာ အကောင်အထည်ဖော်ပေးသူများ ဖြစ်ရန် လိုသည်။

၃။ အစိုးရတစ်ရပ်သည် တိုင်းပြည်နှင့် ပြည်သူ့တာဝန်များကို ယူရဲသူများ၊ ကိုယ့်အစိုးရအဖွဲ့အပေါ်တွင် တာဝန်ခံရဲသူများ ဖြစ်ရန်လည်း လိုသည်။

၄။ အစိုးရတစ်ရပ်သည် မည်သူက ကြည့်ကြည့်၊ မည်သည့်ဘက်က ကြည့်ကြည့် အကြည့်ခံ၊ အဝေဖန်ခံ အရိုးသားဆုံး၊ အရှင်းလင်းဆုံး လုပ်ကိုင်နိုင်သူများ ဖြစ်ရန် လိုသည်။

၅။ အစိုးရတစ်ရပ်သည် ပြည်သူ့အရေး စိတ်ဝင်စားမှုပေးကာ အရေးမှန်သမျှ မဆိုင်းမတွ တုံ့ပြန် ဖြည့်ဆည်းပေးရန် လိုသည်။

၆။ အစိုးရတစ်ရပ်သည် လုပ်သမျှ ထိရောက်၊ အချိန်တိုအတွင်း လိုရာ ပြီးမြောက် ခရီးရောက်အောင် ဆောင်ရွက်နိုင်သူများ ဖြစ်ရန် လိုသည်။

၇။ အစိုးရတစ်ရပ်သည် ပြည်သူအားလုံးအပေါ်တွင် တန်းတူညီမျှ မခွဲမခြား တစ်သားတည်းထားကာ အုပ်ချုပ်ရန် လိုသည်။

၈။ အစိုးရတစ်ရပ်သည် မိမိတို့ ထုတ်ပြန်ထားသည့် ဥပဒေများကို မိမိတို့ ကိုယ်တိုင်က လိုက်နာရန် လိုသည်။

ထိုအချက်များသည် အစိုးရတစ်ရပ် ကောင်း မကောင်းကို အနိမ့်ဆုံး တိုင်းတာနိုင်သည့် စံများဖြစ်သည်။ ထိုအချက်များအတိုင်း လိုက်နာကျင့်သုံးနိုင်လျှင် အကျင့်ပျက် ခြစားမှုများ ကင်းဝေးနိုင်သည်။

ပြည်သူကို အုပ်ချုပ်ရေးတွင် ပူးပေါင်း ပါဝင်ခွင့် ပေးရာ၌ ကျား မ မခွဲခြားခြင်း၊ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သည့်နည်းဖြင့် ပါဝင်ခွင့်ပေးခြင်း၊ ပြည်သူက ရွေးကောက်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များကို လုပ်ပိုင်ခွင့်များ ပေးခြင်းတို့ ပါဝင်သည်။ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးစနစ်တွင် အာဏာကို ဆုံးဖြတ်ပိုင်ခွင့် ရှိသူများလက်အတွင်း သီးသန့်ထားခြင်းက ပျော့ကွက်တစ်ခု ဖြစ်နိုင်သည်။ ပြည်သူကို ပါဝင်ခွင့်ပြုခြင်းသည် လူ့အခွင့်အရေး လွတ်လပ်ခွင့်ကို ကိုယ်စားပြုရာရောက်ပြီး မိမိတို့ ပြည်သူအပေါ်တွင် အလေးအမြတ်ပြုရာရောက်စေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

အစိုးရကောင်းတို့သည် တရားဥပဒေ စိုးမိုးရေးကို ဖော်ဆောင်နိုင်သူများ ဖြစ်ရသည်။ မျက်နှာမလိုက်၊ ဘက်မလိုက် မိမိတို့ ထုတ်ပြန်ထားသည့် ဥပဒေကို ကိုယ်တိုင်လည်း လိုက်နာ၊ ပြည်သူကိုလည်း လေးစားလိုက်နာစေရန် ပြုလုပ်နိုင် စွမ်း ရှိသူများ ဖြစ်ရသည်။ လူ့အခွင့်အရေးကို အပြည့်အဝ ကာကွယ် စောင့် ရှောက်ပေးသူများ၊ လူနည်းစု အခွင့်အရေး အလေးထားသူများ ဖြစ်ရသည်။ တရားစီရင်ရေးကို အချုပ်အနှောင် ကင်းစွာဖြင့် လွတ်လပ်စွာ တရားစီရင်ခွင့် ပြုသူများ၊ တရားဥပဒေကို ရိုသေလေးစား၊ ပြည်သူကို အကာအကွယ်လည်း ပေး၊ အကျင့်ပျက် ခြစားမှုများ ကင်းဝေးသည့် ပြည်သူ့ရဲတပ်ဖွဲ့ကိုလည်း ထူ ထောင် ဖွဲ့စည်းထားနိုင်သူများ ဖြစ်ရသည်။

အစိုးရတစ်ရပ်အနေဖြင့် ထုတ်ပြန်လိုက်သည့် ဥပဒေတိုင်းသည် ပြည်သူ တိုင်းကို သိအောင် လုပ်ပေးနေရမည်၊ ပြည်သူကြားထဲသို့ မရောက် ရောက် စေရန် သတင်းအချက်အလက်များကို ပို့နေရမည် ဖြစ်ပါသည်။ အစိုးရအနေ ဖြင့် ပြည်သူက ဘာဖြစ်စေချင်သည်ကို သိရှိစေရန် ကြိုးစားရမည့်အပြင် အစိုးရအနေဖြင့် ဘာဖြစ်စေချင်သည်ကိုလည်း သိရှိအောင် လုပ်ပေးနေရမည်။ အထူးသဖြင့် မီဒီယာကို တန်ဖိုးထား လေးစားပြီး မီဒီယာကို ပြည်သူနှင့် အစိုးရ ကြားတွင် ဆက်သွယ်မှုတစ်ခုအနေဖြင့် အကျိုးရှိစွာ အသုံးချနိုင်သူများ ဖြစ်ရန် လိုသည်။

အစိုးရကောင်းတို့သည် ပြည်သူကို ကတိပေးရသည်။ ကတိပေးသည့် အတိုင်းလည်း သတ်မှတ်ထားသည့် အချိန်အတွင်း လုပ်ဆောင်ပေးရသည်။ အစိုးရသက်တမ်းသည် ကာလအတိုင်းအတာတစ်ခုအတွင်းသာဖြစ်သဖြင့် မိမိ တို့ အုပ်ချုပ်နေသည့် ကာလအတွင်း အကောင်းဆုံး စွမ်းဆောင်ပြနိုင်ရန် လိုပါသည်။

အစိုးရအဖွဲ့ ဆိုသည်မှာ သဘောထားအမြင် မတူသူများဖြင့် ဖွဲ့စည်းထား သည့် အဖွဲ့အစည်းတစ်ခု ဖြစ်နိုင်ပါသည်။ မတူညီမှုများကို တူညီမှုတစ်ခု ဖြစ်စေရန် ပြေလည်စွာ ညှိနှိုင်း ဖြေရှင်းနိုင်ခြင်းသည် အစိုးရကောင်းတို့၏ဂုဏ် အင်္ဂါတစ်ရပ် ဖြစ်သည်။ နိုင်ငံတော်၏ အနာဂတ်ကို ရေရှည် တွေးပြီး မိမိတို့ အစိုးရအဖွဲ့ မတည်မြဲနိုင်သော်လည်း တည်မြဲနိုင်သည့် ဥပဒေ ပြဋ္ဌာန်းချက်များ၊ ပြည်သူအတွက် အကျိုးရှိသည့် ရေရှည်လုပ်ငန်းရပ်များကို ဖော်ဆောင်ပေးကြ ရမည် ဖြစ်သည်။ ကိုယ့်သမိုင်းကို ကိုယ် ရေးကြရမည့်သဘော ဖြစ်သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

နိုင်ငံတစ်နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံကြီးတစ်ခု အတွင်း အပယ်ခံသဘောမျိုး မရောက်စေရန် အစိုးရတွင် တာဝန်ရှိပါသည်။ မျိုးနွယ်စုများ မည်သို့ကွဲသည်ဖြစ်စေ တစ်သွေးတည်း၊ တစ်သားတည်း စည်းလုံး ညီညွတ်ရေးကို ဖော်ဆောင်နိုင်ရမည် ဖြစ်သည်။

အစိုးရတစ်ရပ်သည် ပြည်သူတို့၏ လိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်လျှင် မထင်ရှားတတ်ပေ။ မည်သို့ဆိုစေ ရလဒ်ကောင်းတော့ ထုတ်ပြနိုင်ရမည် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံတော်၏ ရင်းမြစ်များ ပေါကြွယ်ဝလျှင် ထိုရင်းမြစ်များကို စီမံခန့်ခွဲ အကျိုးရှိစေရန် အသုံးချနိုင်ရေးမှာလည်း အစိုးရကောင်းတို့၏ တာဝန်တစ်ရပ် ဖြစ်သည်။ ထို့ပြင် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝရင်းမြစ်များ မတိမ်ကော မဆုံးရှုံးစေရန် ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးသည်လည်း အစိုးရတို့၏ တာဝန်တစ်ခု ဖြစ်သည်။

အစိုးရကောင်းတစ်ရပ်သည် တာဝန်ခံမှု ရှိရမည် ဖြစ်သည်။ အစိုးရ အဖွဲ့အစည်း တစ်ခုလုံးအပေါ်တွင် တာဝန်ခံနိုင်ရမည့်အပြင် ပုဂ္ဂလိက အခန်းကဏ္ဍ၊ လူ့ဘောင်အဖွဲ့အစည်း တစ်ရပ်လုံးအပေါ်တွင်လည်း တာဝန်ခံနိုင်ရမည်။ အဖွဲ့အစည်း တစ်ခုသည် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ ဆုံးဖြတ်ချက်များအတိုင်း လုပ်ဆောင်ခြင်းဖြင့် ထိရောက်အောင်မြင်မှု ရရှိစေနိုင်ပါသည်။ ဥပဒေအတိုင်း လိုက်နာခြင်း၊ ဥပဒေအတိုင်း လုပ်ဆောင်ခြင်း၊ မိမိတို့လုပ်ဆောင်သမျှ ရှင်းလင်းမြင်သာစွာ ရှိနေစေခြင်းသည် အစိုးရကောင်းတို့အတွက် မရှိမဖြစ် အရေးကြီးသည့် အချက်များ ဖြစ်သည်။

အထက်ပါ ရှင်းလင်းချက်များအတိုင်း အပြည့်အဝ လုပ်ဆောင်ပြီး အစိုးရကောင်းတစ်ရပ်အဖြစ် ခံယူရန် မလွယ်ကူပေ။ အစိုးရကောင်းတစ်ခု ဖြစ်ရန် သတ်မှတ်ထားသည့် စံများအနက်မှ အများဆုံး လိုက်နာနိုင်ပြီး ပြည်သူကို အကောင်းဆုံး အလုပ်အကျွေး ပြုသွားသည့် အစိုးရများ ရှိပါသည်။ ပြည်သူကို လေးစားပြီး ပြည်သူကို တန်ဖိုးထားတတ်သော အစိုးရမျိုးသည်သာ ဒီမိုကရေစီကို အပြည့်ဝဆုံး ဖော်ဆောင်နိုင်ပါသည်။ ဒီမိုကရေစီနည်းကျကျ လိုက်နာတိုင်းလည်း ကောင်းမွန်သော *Good Governance* ဟူ၍ပြောနိုင်မည် မထင်ပေ။

*Ref : What is good Governance?, United Nations ESCAP*

mgyoe.com

mgyoe.com SAMPLE BOOK

# အစိုးရကောင်း ဖော်ဆောင်ရန် အခြေခံများ

အစိုးရများသည်
ပြည်သူကို
အကောင်းဆုံး
ဝန်ဆောင်မှု
ပေးနိုင်လျှင်
ချစ်ခင်လေးစားမှုခံရသည်။
အစိုးရသည် ပြည်သူနှင့်
ဆက်ဆံရာတွင် ပိမိတို့ ဝန်ဆောင်မှုမှာ
အမြန်ဆုံး၊ အရည်အသွေးအရှိဆုံး၊ အားအထားရဆုံး၊
အဆင်အပြေဆုံး၊ အထိုက်တန်ဆုံး ဖြစ်ပါသည်ဟု
အာမခံချက် ပေးနိုင်ရပေလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

# အစိုးရကောင်း ဖော်ဆောင်ရန် အခြေခံများ

နိုင်ငံတိုင်း အစိုးရကောင်းတစ်ခုကို မျှော်လင့်ကြမည်။ ထို့ကြောင့် *Good Governance* ဆိုသည့် စကားကို တွင်တွင်အော်လာကြသည်။ *Good Governance* တွင် *e-Governance* ဆိုသည့် သဘောတရား ပါမလာလျှင် အောင်မြင်နိုင်မည် မဟုတ်ပေ။ *e-Governance* သည် *ICT (Information and Communication Technoloy)* ဖြင့် *Good Governance* ဖြစ်လာစေရန် အထောက်အပံ့ပေးခြင်း ဖြစ်သည်။ *e-Governance* ဖြစ်စေရန် အောက်ပါ အချက်အလက်များကို လိုအပ်ပါသည်။

## အစိုးရမှသည် ပြည်သူသို့ *(Government to Citizen)*

အတိုကောက်အားဖြင့် *G2C* ဟု ခေါ်သည်။ အစိုးရနှင့် ပြည်သူ ဆက်သွယ်မှုတွင် အစိုးရ၏ တာဝန်ယူမှုကို ဖော်ဆောင်အပေးနိုင်ဆုံးကဏ္ဍ ဖြစ်သည်။ ပြည်သူများ၏ ဆန္ဒကို နားထောင်ပေးနိုင်ပြီး ဒီမိုကရေစီနည်းကျကျ အထောက်အကူပြုပေးရာတွင် မြန်ဆန်မှု အရှိဆုံး ဖြစ်လာစေသည်။ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းများသည် အကောင်းဆုံး ဝန်ဆောင်မှုဖြင့် အမြန်ဆုံး ဆောင်ရွက်ပေးနိုင်လာခြင်းသည် *G2C* ၏ အဓိကလုပ်ငန်း ဖြစ်သည်။ ဌာနဆိုင်ရာများသို့ လူဝင်လူထွက်ဖြင့် ဆောင်ရွက်ရခြင်းထက် စက် (ကွန်ပျူတာ) ဖြင့် အွန်လိုင်းမှ ဆက်သွယ် ဆောင်ရွက်လာနိုင်စေရန် အထောက်အကူပြုခြင်း ဖြစ်သည်။

*G2C* ဖြစ်ရန် အဓိက လိုအပ်ချက်များမှာ -



mgyoe.com

mgyoe.com
SAMPLE BOOK

(က) ***e-Citizen***

အစိုးရနှင့် ပုဂ္ဂလိက ရုံးဌာနများတွင် *e-citizen* ဝန်ဆောင်မှုများကို အကောင်အထည် ဖော်ပေးရမည်ဖြစ်သည်။ ဌာနတိုင်းတွင် *e-citizen centre* များကို ဖွင့်လှစ်ထားရမည်။ ထိုဌာနများသည် သတ်မှတ်ထားသည့် အချိန်တိုအတွင်း အမြန်ဆုံး ဝန်ဆောင်မှု ပေးလာနိုင်ရမည်။ ထိုဝန်ဆောင်မှုများတွင် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်း၊ ဝန်ထမ်းလစာ ထုတ်ပေးခြင်း၊ နိုင်ငံကူး လက်မှတ်များ ထုတ်ပေးခြင်း၊ အခွန်များ ဆောင်ခြင်း စသည့် လုပ်ငန်းရပ်များ အားလုံး ပါဝင်စေရမည် ဖြစ်သည်။ ထိုဌာနများသည် တစ်နေရာ တည်းတွင် အပြီး *(One-stop)* ဝန်ဆောင်မှုဖြစ်ရန် ရည်ရွယ်ပါသည်။ တစ်နေရာတည်းဖြင့် ဌာနပေါင်းစုံ ကိစ္စများကို အချိန်တိုအတွင်း ဆောင်ရွက်ပေးနိုင်ရမည် ဖြစ်သည်။

(ခ) ***e-Transport***

မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်း၊ လိုင်စင် ပြုလုပ်ခြင်းကိစ္စများ၊ ယာဉ်ပါမစ် ထုတ်ပေးရေးကိစ္စများ၊ အခွန်ဆောင်ခြင်း ကိစ္စများ၊ အစိုးရ ဌာနများနှင့်ဖြစ်စေ၊ ဘဏ်နှင့်ဖြစ်စေ ဆက်သွယ်ရမည့် ကိစ္စတိုင်းကို *e-transport* ဌာနများ ထားပေးခြင်းဖြင့် အဆင်ပြေ ချောမွေ့နိုင်စေသည်။

(ဂ) ***e-Medicine***

နိုင်ငံ၏ မည်သည့်နေရာမှမဆို ကျန်းမာရေးဌာနများ၊ ဆေးရုံများနှင့် အမြန်ဆုံး ဆက်သွယ်နိုင်မည်။ လိုအပ်ချက်များကို အမြန်ဆုံး ဖြည့်ဆည်းပေးလာနိုင်မည်။

(ဃ) ***e-Education***

နိုင်ငံအတွင်း ပညာသင်ကြားရေးအတွက် အချိန်ပြည့် ဆောင်ရွက်လာနိုင်သည်။ ပညာရေးသည် ပြည်သူနှင့် မဝေးအောင် အစိုးရက အကောင်အထည်ဖော်ရန် အကောင်းဆုံး ဖြစ်လာစေမည်။ ပညာများများ တတ်လာစေရန် ပညာများများ ပေးနိုင်ရမည်။ အများဆုံး၊


mgyoe.com

mgyoe.com
SAMPLE BOOK

အမြန်ဆုံး ပညာပေးနိုင်သည့် နေရာသည် စာသင်ခန်းကို ဗဟိုမပြု တော့ကြောင်း သဘောပေါက်ရမည်။

(c) ***e-Registration***

အစိုးရလုပ်ငန်းများတွင် မှတ်ပုံတင်စာများဖြင့် ဆောင်ရွက်ရသည့် နေရာ၌ အခွန်တံဆိပ်ခေါင်းလုပ်ငန်းသည် ပြည်သူ့ဘဏ္ဍာ အရှာ ပေးနိုင်ဆုံး ဖြစ်ပါသည်။ မှတ်ပုံတင်စာ လုပ်ငန်းများကို အီလက် ထရောနစ်ဖြင့် ဆောင်ရွက်လိုက်လျှင် စက္ကူဖြင့် တင်ရ၊ စောင့်ရ သည့် လုပ်ငန်းများ လျော့နည်းသွားစေနိုင်သည်။ အွန်လိုင်းမှ တစ်ဆင့် မည်သည့်ရုံးဌာနသို့မဆို မှတ်ပုံတင်နိုင်ခြင်းသည် မလို လားအပ်သည့် လူအင်အား သုံးရမှုများ၊ အဂတိလိုက်စားမှုများ ကင်းဝေးခြင်းကို အထောက်အကူပြုစေလိမ့်မည်။

*G2C* နှင့် ပတ်သက်ပြီး အောင်မြင်စေရန် အကောင်အထည် ဖော်နိုင်လျှင် အစိုးရ၏လုပ်ငန်းများ အတော်လေး အောင်မြင်သွားပြီဟု ဆိုနိုင်သည်။ ဆက် လက် လုပ်ဆောင်သင့်သည့် လုပ်ငန်းများမှာ -

## ၁။ သတင်းအချက်အလက်သည် ပြည်သူ့အတွက်

အစိုးရနှင့် ပတ်သက်ပြီး ဘာလုပ်နေကြောင်း ပြည်သူများ သိသာထင်ရှားစေရန် အတွက် သတင်းထုတ်ပြန်ပေးနေရန် လိုပါသည်။ ပြည်သူကို အစိုးရသည် အမြဲစောင့်ကြည့် ဝေဖန်ခွင့် ပေးနေရမည်။ ထို့ကြောင့် သိသင့်သိထိုက်သည် များကို သိခွင့်ပေးရမည်။ မီဒီယာနှင့် အတိုက်အခံပါတီများကိုလည်း စောင့် ကြည့်ခွင့် ပေးနေရမည်။

အစိုးရအတွက် အကောင်းဆုံးနှင့် အမြန်ဆုံး သတင်းထုတ်ပြန်ပေးနိုင်သည့် နေရာမှာ အွန်လိုင်းဟု ခေါ်သည့် အင်တာနက်ဖြစ်ကြောင်းကို သတိပြုရပေလိမ့် မည်။ အွန်လိုင်းသည် ပြည်သူ့အတွက်သာမက အစိုးရဝန်ထမ်းတိုင်းအတွက် လည်း အမိန့်၊ ကြေညာချက်၊ သတင်းထုတ်ပြန်ချက်များကို အချိန်မရွေး ရယူ ကြည့်ရှုနိုင်သည့် နေရာ တစ်နေရာ ဖြစ်နေရလိမ့်မည်။ အစိုးရအကြောင်း ပြည်သူလောက် မသိသော ဝန်ထမ်းများဘဝ ရောက်စေခြင်းသည် အစိုးရ ကောင်း တစ်ခု ဖြစ်စေရန် အတားအဆီးများ ဖြစ်နိုင်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

## ၂။ ပြည်သူထံမှ တုံ့ပြန်မှုကို ရယူပါ

ပြည်သူထံမှ အသံကို အမြန်ဆုံး ပြန်ကြားရလျှင် အစိုးရ၏ လုပ်ဆောင်ချက်များကို အထောက်အကူ များစွာ ရနိုင်သည်။ သူတို့ဆန္ဒကို မသိ၊ သူတို့ ဘာလိုချင်မှန်းကို မသိလျှင် ဘာကို ဖြည့်ဆည်းပေးရမှန်း၊ ဘာလုပ်ပေးရမှန်းလည်း သိနိုင်မည် မဟုတ်ပေ။ ပြည်သူတွေက ပြောနေကြပြီ ဆိုသည့် ပြည်သူ့ ကိုယ်စားလှယ် ဆိုသူများ၏ အသံသည် ပြည်သူများထံမှ တိုက်ရိုက်အသံလောက် စိတ်မချရပေ။ နိုင်ငံရေးသမား ဆိုသည်မှာ ကိုယ်ကျိုးအတွက် ကင်းဝေးသူများဟု တရားသေ မှတ်ယူရန်လည်း မဖြစ်နိုင်ပေ။

သို့ဖြစ်ရာ အစိုးရနှင့်ပြည်သူ တိုက်ရိုက်ဆက်ဆံမှုကို ရယူလိုလျှင် အွန်လိုင်းသို့မဟုတ် အင်တာနက်တွင် နေရာတစ်နေရာကို ပြည်သူ့အသံ ထုတ်ဖော်ရန် *Forum* (ဟစ်တိုင်) အနေဖြင့် ဖန်တီးထားပေးသင့်ပါသည်။ ပြည်သူတွေ ဘာလိုချင်သည်ကို သမ္မတထံသို့လည်း တိုက်ရိုက်ပြောနိုင်ရမည်။ သမ္မတကြီးကလည်း ပြည်သူကို တိုက်ရိုက် ပြန်ပြောနိုင်ရမည်။ နိုင်ငံရေးအရလည်း စည်းရုံးရန် အကောင်းဆုံးနေရာ တစ်နေရာဟု ဆိုနိုင်သည်။

## ၃။ ပြည်သူ့အစေခံအဖြစ် အကောင်းဆုံး ထမ်းဆောင်ရန်

ကမ္ဘာ့ နာမည်ကျော် ကုမ္ပဏီများသည် မိမိဖောက်သည်ကို အကောင်းဆုံး ဝန်ဆောင်မှုပေးရန်ဟု ခံယူကြသည်။ အစိုးရများသည် ပြည်သူကို အကောင်းဆုံး ဝန်ဆောင်မှု ပေးနိုင်လျှင် ချစ်ခင်လေးစားမှု ခံရသည်။ အစိုးရသည် ပြည်သူနှင့် ဆက်ဆံရာတွင် မိမိတို့ ဝန်ဆောင်မှုမှာ အမြန်ဆုံး၊ အရည်အသွေးအရှိဆုံး၊ အားအထားရဆုံး၊ အဆင်အပြေဆုံး၊ အထိုက်တန်ဆုံး ဖြစ်ပါသည်ဟု အာမခံချက် ပေးနိုင်ရပေလိမ့်မည်။ ထိုသို့ ဖြစ်ရန်မှာလည်း အစိုးရသည် အိုင်စီတီကို ကောင်းစွာ အသုံးချနိုင်ရပေလိမ့်မည်။ အစိုးရဌာနများသည် ၂၄ နာရီ ဝန်ဆောင်မှုပေးနေသော *One-stop Government shop* များ ဖြစ်နေရပါလိမ့်မည်။

အီလက်ထရောနစ် အစိုးရ *(e-Governance)* အောင်မြင်စေရန် -

- *Citizen to Government (C2G)*၊
- *Government to Government (G2G)*၊
- *Government to Business (G2B)* ဆိုသည့်ကဏ္ဍများ ရှိပါသေးသည်။



mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ငံတစ်နိုင်ငံတွင် *e-Governance* ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် *e-Rediness* ဖြစ်နေရပါသည်။ *e-Rediness* ကို ဦးစွာတည်ဆောက်ပြီးမှ *e-Governance* ကို အကောင်အထည်ဖော်ရသည်။ ဆိုလိုသည်မှာ တည်ဆောက်ရန် အခြေခံအချက်များ အားနည်းနေသေးလျှင် ပြင်ဆင်ရမည့် အချိန်ယူခြင်း ဖြစ်သည်။ လိုတိုး ပိုလျှော့ လုပ်နိုင်ချိန်ဟု ဆိုရမည်။ *e-Rediness* ဖြစ်စဉ် ကာလတွင်ပင် အခြေခံ ခုနစ်ချက်ကို သတိထားပြီး တည်ဆောက်ရပါသည်။ ထိုနယ်ပယ်များမှာ -

- အခြေခံ အဆောက်အအုံ တည်ဆောက်ခြင်း၊
- သတ်မှတ်ပြဋ္ဌာန်းသင့်သည်များကို ဖော်ဆောင်ရခြင်း၊
- ဥပဒေများ ပြဋ္ဌာန်းရခြင်း၊
- ခေါင်းဆောင်ပိုင်း ရွေးချယ်ရခြင်းနှင့် ဆုံးဖြတ်ချက်များ ချမှတ်ရခြင်း၊
- လူအင်အား သတ်မှတ်ရခြင်း၊
- နည်းပညာကို ထည့်သွင်းရခြင်း၊
- ဒေတာနှင့် စနစ်များကို သတ်မှတ်ဖြည့်ဆည်းရခြင်းတို့ကို ဆောင်ရွက်ရပါသည်။

အားလုံး အသင့်ဖြစ်ပြီဆိုလျှင် *e-Governance* ကို တစ်ဆင့်တက်မည်။ ထိုသို့ တက်ရန်အတွက် အိုင်စီတီလမ်းကြောင်းဖြင့် သွားရန်မှတစ်ပါး အမြန်ဆုံးခရီးရောက်စေရန် အခြားနည်းလမ်း မရှိကြောင်းကိုလည်း သတိပြုကြရမည်ဖြစ်သည်။

*Ref: White Paper on E-Governance Strategy, by Sameer Sachdeva*



mgyoe.com

mgyoe.com SAMPLE BOOK

# အစိုးရနှင့် အာဏာ

အစိုးရ
ဖြစ်ရန် ပထမဆုံး
လိုအပ်ချက်မှာ
'အာဏာ'
ဖြစ်သည်။
အာဏာကိုသာ
ကြောက်ပြီး အာဏာနှင့်ဒိုင်းမှ
လုပ်ချင်ကြသူများသည်
အာဏာကလွဲပြီး ဂရုစိုက်မည်မဟုတ်ပေ။
ထိုသူများသည် လူကိုကြောက်ခြင်း မဟုတ်၊
အာဏာကို ကြောက်ခြင်းသာ ဖြစ်သည်။

mgyoe.com